ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (21-7-2008) (၅၇၄၆)

ကတညုတာ တော မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဆုထူးပန် သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၀

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီးရှိ မဟာမင်္ဂလာ ဇေယျသိဒ္ဓိ စံတော်ရာကုန်းတော်မြတ်၌ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလ တည်ထားကိုးကွယ်တော်မူခဲ့သည့် ဉာဏ်တော် ၁၀၈ တောင် အမြင့်ဆောင်သော ဆုထူးပန် သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့် စေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် အဆိုပါ စေတီတော်မြတ် ပရဝဏ်အတွင်းရှိ မဟာသိရိမင်္ဂလာ စကြံ့တိုက်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး တက်ရောက်ကြည်ညို၍ စေတီတော်အထွတ်၌ စိန်ဖူးတော်အား တင်လှူပူဇော်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပျော်ဘွယ်မြို့နယ်ရှိ ဆုထူးပန် သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်အထွတ်၌ စိန်ဖူးတော်အား တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ ဖြစ်တော်မူကြသော ရမည်းသင်းမြို့ ဆင်ကျုံးတောရ ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လနှင့် ပျော်ဘွယ်မြို့ ရေလည်ပါဠိတက္ကသိုလ် ပဓာန နာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒတို့ အမှူးပြုသည့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါ်ဝေဝေသာ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးနှင့် ဇနီး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဥပါသကာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ *

ကြေးမုံ The Mirror — လေဘေးသင့် ဒေသအသီးသီးမှာ အခိုင်အမာနေအိမ် ထောင်နဲ့ချီပြီး ဆောက်လုပ်လှူဒါန်းခဲ့

"နိုင်ငံတော်ရဲ့ ထောက်ပံ့စီမံမှုနဲ့ အလှူရှင်ကုမ္ပဏီတွေက လေဘေးသင့်ဒေသအသီးသီးမှာ အခိုင်အမာနေအိမ် ထောင်နဲ့ချီပြီး ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်တဲ့အပြင် လေဒဏ် ရေဒဏ် ကင်းဝေးတဲ့ နေရာတွေမှာ မြို့သစ်တွေတည်ပြီး အခိုင်အမာနေအိမ် တစ်ထောင် ဝန်းကျင်ပါဝင်တဲ့ ရပ်ကွက်တွေ ထပ်ပြီးတည်ဆောက်ပေးဦးမယ်လို့ သိရ။"

ကျော်ရဲမင်း၏ **"လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့် (၁)"** (ဆောင်းပါး) စာမျက်နှာ- ၈၊၉

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အထူးကုဆရာဝန်များအဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် ကျေးရွာ ၂၉ ရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အဖွဲ့ခေါင်းဆောင် သမားတော် ဒေါက်တာကျော်လွင်ဦး၊ ကလေးအထူးကုဆရာဝန် ဒေါက်တာအောင်မျိုးထွန်း၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန် ဒေါက်တာဆွေဆွေဝင်း၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာမျိုးအောင်ကျော်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာဇော်ဝင်းတို့ပါဝင်သော အထူးကုဆရာဝန်များအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် ကျေးရွာ ၂၉ ရွာသို့ "တိမ်ခိုး" ဆေးသင်္ဘောဖြင့် ဇူလိုင် ၅ ရက်မှ ၁၉ ရက်အထိ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက် ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဆေးကုသမှုအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများတွင် ကလေးလူနာ ၈၂၃ ဦး၊ မျက်စိဝေဒနာရှင် ၃၃၂ ဦး၊ သွားရောဂါဝေဒနာရှင် ၂၆၉ ဦး၊ စိတ်စွမ်းအားမြှင့်တင်ကုသမှု ၂၇၀ ဦးနှင့် အထွေထွေရောဂါဝေဒနာရှင် ၂၅၅၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၂၁-၇-၂၀၀၈
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေအိမ်နှင့်ဝန်းကျင် ပိုးလောက်လမ်း ကင်းစင်ရေးဆောင်ရွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ရာသီဥတုအပြောင်းအလဲများ၌ ခြင်ကြောင့်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေး သတိပြုကာကွယ်ကြရမည် ဖြစ်သည်။ အထူးသဖြင့် မိုးရာသီ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားရေး ကြိုတင်ကာကွယ်ကြရဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ၂၀၀၆ ခုနှစ်တွင် အရှေ့တောင်အာရှဒေသ၌ ပြန်လည်ဖြစ်ပွားလာပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားမှုများပြားကာ သေဆုံးမှုများပင်ရှိခဲ့သည်။

မိုးရာသီကာလများတွင် ခြင်ပေါက်ပွားမှု အများဆုံးဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ပိုမိုများပြားလာနိုင်သည်။ အထူးသဖြင့် အသက် ၅ နှစ်မှ ၁၀ နှစ်အရွယ်ကလေးများတွင် အဖြစ်များသဖြင့် စာသင်ကျောင်းများ ပတ်ဝန်းကျင်အခြေပြု၍ ခြင်နှိမ်နင်းရေးဆေးဖျန်းခြင်း၊ ပိုးလောက်လမ်းကင်းစင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ပိုးလောက်လမ်းနှိမ်နင်းရေးသည် သွေးလွန်တုပ်ကွေးရောဂါကို ထိန်းချုပ်ရာတွင် အဓိကလုပ်ငန်းတစ်ခုဖြစ်သည်။ ရေကြည်ရေသန့်တို့တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သည်ဖြစ်ရာ ခြင်ပုန်းများ၊ ပိုးလောက်လမ်းများ မပေါက်ပွားစေရန် ရေစင်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားခြင်း၊ ပိုးလောက်လမ်းများအားရေစစ်ဖြင့် ခပ်ထုတ်ပစ်ခြင်းတို့ကိုလုပ်ဆောင်ကြရမည်ဖြစ်သည်။

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတိုင်းရှိ နေအိမ်၊ ကျောင်း၊ လူနေအဆောက်အအုံများ ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော နေရာများအား မြေဖို့ခြင်း၊ မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့အား ရှင်းလင်းခြင်းဖြင့် ပိုးလောက်လမ်းနှိမ်နင်းရေး တစ်ပတ်တစ်ကြိမ်ပုံမှန်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိရာ ပြည်သူတိုင်းကလည်း မိမိတို့ရပ်ရွာ၊ နေအိမ်နှင့် ပတ်ဝန်းကျင်တွင် ပိုးလောက်လမ်းနှိမ်နင်းရေးအတွက် ရာသီမရွေး **ဖုံး၊သွန်၊လဲ၊စစ်** လုပ်ငန်းများဆောင်ရွက်ခြင်း၊ ခြင်ကိုက်မခံရစေရန် သတိပြုကာကွယ်နေထိုင်ကြခြင်းဖြင့် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းကွန်ဒိုနေ ဦးစိန်ဝင်းထွန်း (စတီရီယိုတေးသံရှင်)-ဒေါ်မိုင်ညိုညို မိသားစုက လေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို ဇူလိုင် ၁၆ ရက်က သန်လျင်မြို့တွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဦးဇော်ဝင်း လက်ခံယူစဉ်။ (၅၂၇)

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ လေဘေးသင့်ဒေသများမှ တာမွေမြို့နယ် အခြေခံပညာကျောင်းများသို့ ပြောင်းရွှေ့ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၅ ရက်က မြို့နယ်ရုံးခန်းမ၌ကျင်းပရာ စာရေးကိရိယာနှင့် ထောက်ပံ့ငွေကျပ် ၇၉၀၄၀၀ကို ကျောင်းသား၊ ကျောင်းသူ ၆၉ ဦးအား မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ထောက်ပံ့ပေးအပ်စဉ်။ (ဝ၈)

အလုပ်သမားဝန်ကြီးဌာန စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးတို့၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုပ်သမားဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် အလုပ်သမားဝန်ကြီးဌာနဝန်ကြီးဦးအောင်ကြည်နှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြ၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ ရေစက်ချ ပရိတ်တရားတော်များ နာယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးတို့ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးတို့၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(အလုပ်သမား)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၆ ဒသမ ၃၃၇ တန်နှင့် မလေးရှားနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၆၈ ဒသမ ၆၆၇ တန်တို့သည် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၀

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် နယူးယောက်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ အာဂျေးချီဘာသည် ဇူလိုင် ၁၉ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မစ္စတာ အာဂျေးချီဘာနှင့်အတူ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှအရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဌာနအကြီးအကဲ မစ္စတာ မာတင်ဟယ်ဒီဘရန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာပရဟိတအဖွဲ့ သက်ရာကျော်ဘိုးဘွားပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၀

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ တည်ထောင်ခြင်း (၁၁)နှစ်ပြည့် အခမ်းအနားနှင့် အသက်ရာကျော်ဘိုးဘွားများ ပူဇော်ပွဲကို ဩဂုတ် ၂၃ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းမှ အသက်(၁၀၀)နှင့်အထက် ဘိုးဘွားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အသက်ထင်ရှားရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံစာမူရင်း၊ ၄ လက်မ × ၆ လက်မ အရွယ် ဓာတ်ပုံတစ်ပုံနှင့်အတူ ပူဇော်ပွဲ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိကို စာဖြင့်ရေးသား၍ အဖွဲ့တည်ရှိရာ မင်္ဂလာဗျူဟာအသင်းချုပ် အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူကာ ဇူလိုင် ၃၁ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား ပေးပို့ကြရန်ဖြစ်သည်။ (က-ပ)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ်လှူဒါန်းပွဲကျင်းပ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ဆောက်လုပ်လှူဒါန်းသော အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက်တွင် မန္တလေးတိုင်း အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ဝင်း အတွင်း၌ ကျင်းပသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (စက်မှု-၁)

အစီအစဉ်အရ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဣန္ဒိလှ နှင့်အမှတ်(၁)စက်မှုဝန်ကြီးဌာနမြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ ဌာနခွဲမှူး ဒေါ်သီသီ တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးပြီး မဟာဂန္ဓာရုံ ကျောင်းတိုက် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံ မန္တလေးခရိုင်ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဦးတင်ထွန်းက အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သစ် စာရွက်စာတမ်း များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း၊ ဇနီးဒေါ်ခင် ခင်ရီနှင့် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်း ရေးမှူး၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များသည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ချောမြတ် နွယ် သုံးထပ်ကျောင်းဆောင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအတွင်းရေးမှူး၊အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး၏ဇနီးဒေါ်ခင် ခင်ရီနှင့် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက် ကြည်ညို၍ ဆရာတော် သံဃာတော် တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားတွင် မဟာ ဂန္ဓာရုံကျောင်းတိုက်၌ ဝါဆို ဝါကပ် တော်မူကြမည့် သံဃာတော်အပါး ၁၂၄၈ ပါးတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် အသင်းဝင်များသည် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ခွဲ မဟာ သုန္ဒရာရာမပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအာဝုဓနှင့် သံဃာ တော်တို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီးလေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမည့် ခြုံစောင်အထည် ၁၀၀၀ အတွက် အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာ မန္တလေးမြို့ ၈၆-၈၇ လမ်း ရုံးသာရပ်နေ နှစ်ဖက်သော မိဘများ အားအမှူးထား၍ ကိုနိုင်ဝင်း- မရွှေ စင်ထွန်း၊ သား မောင်ရန်နိုင်ထွန်း၊ သမီးမသီရိထွန်း(ဝိုင်အန်တီမော်တော် ယာဉ်ထုတ်လုပ်ရေးမိသားစု)ကအလှူ ငွေကျပ်ငါးသိန်း၊မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း အတွင်းရေး မှူး ဦးဇော်မင်းဦး၊ ဇနီး ဒေါ်ကြူကြူ ဆွေ မိသားစုက အလှူငွေကျပ် ငါးသိန်းနှင့် ဦးအောင်ဖြိုး-ဒေါ်ညွန့် ညွန့်စိန်မိသားစုက အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင် သောင်းက လက်ခံသည်။

ယင်းနောက် တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံးအစည်းအဝေးခန်းမ၌ ဗဟို အတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်း သည် တံတားဦးမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်း ရေးမှူး၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ဇနီးဒေါ်ခင် ခင်ရီ၊ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်း ရေးမှူး၊ အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင် များသည် တံတားဦးမြို့ ရေသဖန်း ပရိယတ္တိစာသင်ကျောင်းတိုက်အတွင်း၌ သဘာဝဘေးဒဏ်ကြောင့် ပျက်စီး၍ ပြန်လည် ဆောက်လုပ်ပြီးစီးသွားသော သာသနဝေပုလ္လ မင်္ဂလာဇေယျ အုတ် ကျောင်းတိုက်ကြီး ရေစက်ချပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အုတ်ကျောင်းတိုက်သည် ၂၀၀၆ ခုနှစ် ဧပြီ ၁၇ ရက်တွင် လေ ဆင်နှာမောင်း တိုက်ခတ်မှုဒဏ်ကြောင့် ကျောင်းဆောင်ပျက်စီးခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီလတွင် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်း ရေးမှူး ဝန်ကြီး ဦးအောင်သောင်း မိသားစုကငွေကျပ်သိန်း ၁၀၀ မတည် ၍ ပြန်လည်ပြင်ဆင် မွမ်းမံခဲ့ပြီး ဇူလိုင်၁၄ရက်တွင် ရေစက်သွန်းချ နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက် လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ် များ ပေါ်ထွန်းရေး။

ဇူလိုင် ၁၈ ရက်က မင်္ဂလာ တောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းကောင်စီကကြီးမှူးကျင်းပ သည့် (၄၅)ကြိမ်မြောက် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ရေသန့်စက်ရေစက်ချပွဲတွင်ရတနာ့ ဗိမာန်ကျောင်းတိုက် သံဃာ တော် အရှင်သူမြတ်ထံကျောင်း အုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း စဉ်။ (၃၁၄)

ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အာရှခရစ်ကက်ကောင်စီ အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

အာရှခရစ်ကက်ကောင်စီ (ACC) ကကြီးမှူး၍ ဇူလိုင် ၅ ရက်နှင့် ၆ရက်တို့တွင် ပါကစ္စတန်အစ္စလာမ့်စ် သမ္မတနိုင်ငံ ကရာချိမြို့၌ ကျင်းပ သော ၂၀၀၈ခုနှစ် အာရှခရစ်ကက် ကောင်စီအစည်းအဝေးနှင့် ၂၀၀၈ ခုနှစ် အာရှခရစ်ကက် ကောင်စီ နှစ်ပတ်လည် အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် (ပြိုင်ပွဲကျင်းပရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ)သည် ဇူလိုင် ၁၆ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော် ကျော် ACC, ဥက္ကဋ္ဌ ဒေါက်တာ Nasim Ashraf နှင့် ACC, Chief Executive Mr. Syed Ashraful Haque တို့နှင့် နှစ် နိုင်ငံ ခရစ်ကက် အားကစား တိုးတက် မြင့်မားရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက် ရေး ဆွေးနွေးပြီးနောက် တွေ့ရ စဉ်။ (ခရစ်ကက်အဖွဲ့ချုပ်)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်သည် ဇူလိုင် ၇ရက်တွင် အာရှခရစ်ကက် အဖွဲ့ချုပ် (ACC) ဥက္ကဋ္ဌ ဒေါက်တာ Nasim Ashraf (ပါကစ္စတန် အစ္စလာမ့်စ် သမ္မတနိုင်ငံ ခရစ်ကက် ဘုတ်ဥက္ကဋ္ဌ)နှင့်Mr. Syed Ashraful Haque (ACC, Chief Executive) တို့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ခရစ်ကက်အားကစားနည်း တိုးတက် မြင့်မားလာစေရေး၊ မြန်မာနိုင်ငံတွင် အဆင့်မြင့် ခရစ်ကက် အားကစား ကွင်း ဖြစ်ပေါ်လာရေး၊ မြန်မာ့ လက်ရွေးစင် ခရစ်ကက်အားကစား မောင်မယ်များအား အဆင့်မြင့် လေ့ကျင့်ပေးနိုင်ရေးအတွက် နည်းပြ ဆရာရရှိရေးနှင့် နှစ်နိုင်ငံ ခရစ်ကက် အားကစား တိုးတက်မြင့်မားရေး တို့အတွက် အကျိုးတူပူပေါင်း ဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ဧည့်ပရိသတ်များ ပျော်ဘွယ်မြို့နယ်ရှိ ဆုထူးပန် သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ အခမ်းအနားကို မဟာသိရိမင်္ဂလာ စကြိုတိုက်တော်ကြီး၌ စတင်ကျင်းပရာ ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် လူမှုထူးချွန်ပထမဆင့် မဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက ထူးမခြားနား သီချင်းခံ့ဖြင့် သီကျူးပူဇော်ပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည် (ဓမ္မာစရိယ-ဘီအေ)က ဒေဝနိမန္တန ဂါထာဖြင့် နတ်များကို ပင့်ဖိတ်သည်။

သီလခံယူဆောက်တည်

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ ရမည်းသင်းမြို့ ဆင်ကျုံးတောရဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆုထူးပန် သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်အား လှူဒါန်းပူဇော်သောအားဖြင့် စိန်ဖူးတော်ကို ဆင်ကျုံးတောရဆရာတော်ထံ ဆက်ကပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးတို့က ငှက်မြတ်နားတော်ကိုလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က ရွှေကြာသက်န်းတော်ကိုလည်းကောင်း ဆရာတော်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး၊ ဗိုလ်ချုပ်တင်စိုးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ဦးမင်းကြည် (ဓမ္မာစရိယ-ဘီအေ) ရေးသားသီကုံးသော 'စိန်ဖူးတော်တင်လှူ ကုသိုလ်ယူ' လူးတားညှပ် ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်ကို ဖတ်ကြားသီကျူးပူဇော်သည်။

ထို့နောက် ဆုတောင်းပြည့်စေတီတော်ကြီးအား ပြန်လည်ပြုပြင်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ရာ၌ မပြည့်စုံမှု၊ မှားယွင်းမှုများ ရှိခဲ့ပါလျှင် ခွင့်လွှတ်ပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား တောင်းပန်လွှာစာတမ်းကို ဦးမင်းကြည်က ဖတ်ကြားသည်။

ရေစက်သွန်းချ အမျှပေးဝေ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပျော်ဘွယ်မြို့ ရေလည် ပါဠိတက္ကသိုလ် ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အလှုပန်းစိုက် ငွေဖလားနှင့် သာသနာ့အလံကိုင်အဖွဲ့တို့က ဦးဆောင်ပြီး ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံကာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စိန်ဖူးတော်အားလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဗိုလ်ချုပ်တင်စိုးနှင့် တပ်မတော်အရာရှိကြီးများက ငှက်မြတ်နားတော်နှင့် ရွှေကြာ သက်န်းတို့အားလည်းကောင်း အသီးသီး ပင့်ဆောင်၍ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည် ပူဇော်ကြကာ မင်္ဂလာမဏ္ဍပ်သို့ ပို့ဆောင်ကြသည်။

ပင့်ဆောင်တင်လှူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စိန်ဖူးတော်အား စိန်ဖူးတော်တင် မင်္ဂလာမဏ္ဍပ်ရှိ မိတ္ထီလာမြို့ လုမ္ဗိနီထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ ပရိသတ်များက စိန်ဖူးတော်အား စေတီတော်ငြမ်းထက်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဗိုလ်ချုပ်တင်စိုးနှင့် တပ်မတော်အရာရှိကြီးများက ရွှေကြာသက်န်းတော်၊ သာသနာ့အောင်လံတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြကာ ပရိသတ်များက စေတီတော်ငြမ်းထက်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်အဖွဲ့ဝင်များသည် စေတီတော်ငြမ်းထက်သို့ တက်ရောက်နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်တွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဗိုလ်ချုပ်တင်စိုးတို့က ငှက်မြတ်နားတော်အား ထီးတော်အထက်၌လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စိန်ဖူးတော်အား စေတီတော်အထွတ်၌လည်းကောင်း တင်လှူပူဇော်ကြပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဖတ်ကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် သာသနာ့အောင်လံတော်ကို ထီးတော်အထက်၌လည်းကောင်း၊ ရွှေကြာသက်န်းတော်ကို ငှက်ပျောဖူး၌လည်းကောင်း စိုက်ထူလှူဒါန်း ပူဇော်ကြပြီး အခမ်းအနားမှူးက ဒေဝေါကာသကရဏ နတ်ပို့ဂါထာနှင့် အမျှဝေ စာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ပူဇော်ဆုတောင်း၍ နံနက် ၈ နာရီခွဲတွင် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်း အမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် ဆုထူးပန် သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်၏ ဂန္ဓကုဋီတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လက်ယာရစ် တစ်ပတ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower Level (7)ရှိ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းရုံး ခန်းမသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံမြို့နယ် တိပိဋကကျောင်း ဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များက ဆရာတော် သံဃာတော် ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း **(အပေါ်ပုံ)**ကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည့် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပ သည်။

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ရုံးခန်းသစ် ဖုန်း- ၂၁၄၈၄၉ နှင့် ၀၉၈၆၀၀၂၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြံခင်းရေဝန်းကျောင်း ဆရာတော် တရားပွဲ

ရန်ကုန် ဇူလိုင် ၂၀

ဧရာဝတီတိုင်း ကြံခင်းမြို့ စံရာတိုက် ရေဝန်းကျောင်း ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ သာသနပါလဓမ္မာစရိယ ဘဒ္ဒန္တစိန္တိတာဘိဝံသ အရှင်သူမြတ်သည် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် (၈၀)တွင် တရားတော်များကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ပါ၍ မည်သူမဆို တရားလာရောက်နာကြား အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေး တေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀	၉။	ဗွီစီဒီကျော်ကြား တေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေး တေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပျော်ရွှင်ပါစေ" အပိုင်း(၄၅)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - ပညာလည်းရှာ စာပါပို့ချ
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဖြူစင်ခြင်း၏ နောက်ကွယ်" အပိုင်း(၆)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏
ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၆ တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ မဟာအောင်မြေရိပ်သာကျောင်းတိုက်၌ ကျင်းပရာ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်များနှင့် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ လှိုင်သာယာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သောင်ကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ်တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၇၀၀၀၀ စီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ လှိုင်သာယာမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ၇၀၀၀၀၀၊ တရုတ်(တိုင်ပေ) ဗုဒ္ဓဘာသာအဖွဲ့ကငွေကျပ်၂၀၀၀၀၀၀၊ ITBC ယင်းတိုင်ဆင်စက်ရုံနှင့် လှိုင်သာယာစက်မှုမြို့စီမံခန့်ခွဲမှုကော်မတီတို့က ငွေကျပ် ၁၀၀၀၀၀၀စီ၊ ဦးဝင်းသိန်း-အေဝမ်းဒေါ်တင်တင်လှ (ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီ)နှင့် ဦးအောင်ကျော်ထူး - ဒေါ်ခင်မာနိုင် (ငါးရှဉ့်ဒိုင်)တို့က ငွေကျပ် ၅၀၀၀၀၀ စီ၊ (ဦးသိန်းမောင်) - ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု) က ငွေကျပ် ၃၀၇၀၀၀၊ ဦးအောင်သိန်းဝင်း (EVA ကုမ္ပဏီလီမိတက်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့် ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးသိန်းဟန် (တိုကျိုပိုက်)၊ ဒါရိုက်တာ ဒေါ်ဝိုင်းဝိုင်းနွဲ့ (Golden Lion Wire Co., Ltd.)နှင့် လှိုင်သာယာမြို့နယ် ဆီကုန်သည်များအသင်းတို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးကော်မတီ၊ ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ စက်မှုဇုန်(၅) စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ ဥရောပ - အာရှ ကော်မာရှယ်လီမိတက်၊ အောင်ဇေယျတံတားနှင့်ရွှေပြည်သာတံတားတိုးဂိတ်မိသားစု၊ မြို့နယ်ပညာရေးမိသားစု၊ မြို့နယ်အတွင်း တည်းခိုခန်းပိုင်ရှင်များ၊ ရွှေနဂါးမော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးသန်းနိုင်-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်) တို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ ဦးသီဟ (Delicious Food Co.,Ltd.)၊ မြို့နယ်ဆန်ကုန်သည်များအသင်းနှင့် ဦးအောင်မျိုး-ဒေါ်စီစီဆန်း(Decoland Co.) တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း - (သား) ဦးရန်ရှင်း (United Winner Co.,Ltd.) က ငွေကျပ် ၁၂၀၀၀၀၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဦးတင်မောင်ရီ (ငွေခြင်္သေ့ပလတ်စတစ်ဖိုင်ဘာစက်ရုံ)၊ ဦးထွန်းလွင် - ဒေါ်သန်းမြင့်၊ သား မောင်မင်းသာထက်၊ ဦးသန်းအေး မိသားစု၊ ဒေါ်နွယ်နွယ်ဝင်းမိသားစု၊ ဦးညီညီလွင်-ဒေါ်ထားထား၊ ဦးစိုးစိုးသန်း(အားမာန်သစ်မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ဦးစည်သူနှင့် ဦးလှသန်း မိသားစုနှင့် (ယ) လိုင်စင် ပို့/ဆက်အဖွဲ့တို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ လှိုင်သာယာမြို့နယ် အတွင်းရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ပြည်သူများက ငွေကျပ် ၁၁၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များမှ ဆရာတော်များ ကိုယ်စား ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီးဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက်ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

အမျှပေးဝေ

ထို့နောက် လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှိုင်သာယာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၄၄၂ အိတ်နှင့် ၁၈ ပြည်၊ ဆီ ၄၉၈ ပိဿာနှင့် ၂၀ကျပ်သား၊ ပဲ ၃၅၆ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၁၇၈၂ ပိဿာ၊ သွားတိုက်ဆားဘူး ၃၅၇ ဘူး၊ ငရုတ်သီးမှုန့် အထုပ် ၁၀၀၀၊ တိုင်းရင်းဆေးမျိုးစုံ ဘူး၄၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော် ငွေကျပ် ၁၃၂၉၇၀၀၀ ဖြစ်သည်။

ကမာရွတ်

အလားတူရန်ကုန်အနောက်ပိုင်းခရိုင်ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် လေးတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် ကမာရွတ်မြို့နယ် (၃) ရပ်ကွက်ရှိ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကမာရွတ်မြို့နယ် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇာဂရထံမှပရိသတ်တို့က ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ ကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊တာဝန်ရှိသူများနှင့်အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

မှတ်တမ်းလွှာများပေးအပ်

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၀၀၀၀၀စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၀၊ သုဓမ္မမဏိဇောတရေ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်(Fresh Air Conditioners) က ငွေကျပ် ၈၀၀၀၀၀၊ စရီမာရီယမ္မာန် ဘုရားကျောင်းက ငွေကျပ် ၅၀၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးရဲအောင်-သုဓမ္မသိင်္ဂီ ဒေါ်လှဲ့လှဲ့ဝင်း(သီရိကုဋ္ဌေကြွယ်ကြက်ဆူပင်စိုက်ပျိုးရေး)ကငွေကျပ်၃၀၅၀၀၀၊ သီရိသုဓမ္မမဏိဇောတရေ ဦးထွန်းလင်း-ဒေါ်ရင်ရင်စိုး (PMG ကုမ္ပဏီ) နှင့် ဦးရန်နိုင် - ဒေါ်မမလေးတို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်ရောင်းဝယ်ရေး) နှင့် ကမာရွတ်မြို့နယ်ဆီကုန်သည်များအသင်းတို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ ဒေါ်သန်းနု (ဒေါ်နုအလှူပစ္စည်းမျိုးစုံ ငှားရမ်းရေးလုပ်ငန်း)က ငွေကျပ် ၁၅၅၀၀၀၊ ဦးဝင်းအောင် - ဒေါ်သဲနုမာ (ရွှေပိတောက်ရိပ်မွန်)၊ ဦးကျော်စိန် (Summer Palace Hotel)၊ ဒေါ်သန်းသန်းအေး (ရွှေကောင်း ဟော့ပေ့)၊ ဦးနေဝင်း-ဒေါ်စန်းစန်းဝင်း (High Grade Top)၊ သီရိသုဓမ္မမဏိဇောတရေ ဦးလှမြင့် (ကေသီပန်တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်း) နှင့် ဦးမောင်သောင်း (အောင်သောင်းလျှပ်စစ်ကုမ္ပဏီ) တို့က ငွေကျပ် ၁၀၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များမှ ဆရာတော်များကိုယ်စား ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကျော်စိုးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာဂရက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ကမာရွတ်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၅၁အိတ်နှင့် ၁၈ပြည်၊ ဆီ ၂၉ပိဿာနှင့် ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၉၄ပိဿာ၊ သွားတိုက်ဆားဘူး ၅၉ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၅၈၆ဘူး၊ ပဲ ၅၈ ပိဿာနှင့် ၈၀ ကျပ်သား၊ ငရုတ်သီးမှုန့်အထုပ် ၁၀၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၄၅၀၇၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

အလှူငွေများလက်ခံ

ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် လေးတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

ဝါတွင်းသီလပေးတရားပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်ကြီး ရတနာ့ဗိမာန်တော်၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဒဂုံပရိယတ္တိစာသင်တိုက်မှ စာချဆရာတော် ဘဒ္ဒန္တစန္ဒဝံသက နဝင်္ဂသီလချီးမြှင့်၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋ္ဌိစ္စသမုပ္ပာဒ် စက်ဝိုင်းဒေသနာ သင်တန်းတရား ပို့ချဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

✧ ကျောဖုံးမှ

လက်ယာရစ် လှည့်လည်ပူဇော်ပြီး မြလေယာဉ် မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကြသည်။

တင်လှူပူဇော်

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မြလေယာဉ် မင်္ဂလာ ရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး တာဝန်ရှိသူများက ခတ်ပေါင်းစုစေတီ၊ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီနှင့် အရံစေတီများတွင်တစ်ပြိုင်တည်း တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းဒေသ မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီး၊ ခတ်ပေါင်းစုစေတီ၊ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီနှင့် အရံစေတီတို့အား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ စိန်ဖူးတော်ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အောင်မော်စံစာသင်တိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် ရှုခင်းသာကျောင်းဝိုင်းရှိ အောင်မော်စံ စာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ(သာသနဓဇဓမ္မာစရိယ)အား အမှူးထား၍ ကျောင်းရှိသံဃာတော် အပါး ၇၀ တို့အား အောင်မော်စံသာသနာပြုအဖွဲ့က ဦးဆောင်ပြီး စေတနာရှင် တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဒုတိယအကြိမ်မြောက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး (ပစ္စည်းလေးပါး)ပဒေသာပင်စိုက်ထူပွဲကို ဇူလိုင် ၂၆ရက် (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၉ရက်)စနေနေ့တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးစွန်အိ(နာယက)ဖုန်း-၂၉၃၃၀၁၊ ဦးစိုးလွင် လေယာဉ်မှူးကြီး (ငြိမ်း)ဥက္ကဋ္ဌ ဖုန်း-၅၂၄၀၅၈၊ ဦးအောင်ကျော်မင်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၅၆-၃၀၄၉၃၊ ၀၅၆-၃၀၃၇၁၊ ဦးအောင်မိုးသူ(အတွင်းရေးမှူး) ဖုန်း-၇၀၅၉၅၀ နှင့် အောင်မော်စံစာသင်တိုက် ဖုန်း-၅၅၈၈၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း လျှိုပိတ်ဆည်များအတွင်း ရေဝင်ရောက်မှုနှင့် ငါးမွေးမြူထား ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပဉ္စမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၇နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၈ ခုနှစ် ပဉ္စမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကြည့်ရှုအားပေးသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏၂၀၀၈ ခုနှစ် ပဉ္စမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ခရေပင်ကို လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ပိတောက်ပင်ကိုလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက စိန်ပန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လျှိုပိတ်ဆည်များအတွင်း ရေဝင်ရောက်မှုနှင့် ငါးမွေးမြူထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပျိုးပင် ၄၁၃၀

ယနေ့ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏၂၀၀၈ ခုနှစ် ပဉ္စမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဲဇလီ၊ မန်ကျည်း၊ ကုက္ကို၊ တယ်ပင်၊ သစ်ဆိမ့်၊ ဘောစကိုင်း၊ ကြောင်လျှာ၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း စသည့် အပင်များကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး၌ ၄၄၉ပင်၊ နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ၂၃၄၄ ပင်၊ နေပြည်တော် တပ်ကုန်းရှိ နေပြည်တော် သတင်းစာတိုက်၌ ၈၁၂ပင်၊ နေပြည်တော် တပ်ကုန်းရှိ နေပြည်တော် ပုံနှိပ်စက်ရုံ၌ ၅၂၅ ပင် စုစုပေါင်းပျိုးပင် ၄၁၃၀တို့ကို စိုက်ပျိုးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မြေလွတ်မြေလပ်များကို အကွက်ချ၍ အပိုင်းလိုက် အပတ်စဉ် စိုက်ပျိုးသွားမည်ဖြစ်ရာ ကျန်ရှိအပင်များကို သတ်မှတ်နေရာများ၌ ဇူလိုင်လအတွင်း ပြီးစီးအောင် ကွက်ပြည့် စိုက်ပျိုးသွားမည်ဖြစ်သည်။

(သတင်းစဉ်)



မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၅) (ယခင် စိန့်မိုက်ကယ်ကျောင်း) ၏ ကျောင်းဆောင်ကြီး ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် ၆၈ သိန်း ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာ့ဂုဏ်ရည်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအန်နီဝါက ငွေကျပ်ငါးသိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (၃၂)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၅ ၆။ တေးဂီတအစီအစဉ်
၈း၂၀ ၇။ **“အဲဒီမှာ စတွေ့တာပဲ” (မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ - မင်းအုပ်စိုး)**
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အတီးပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄း၄၀ ၅။ လက်ဆင့်ကမ်းဝေ ဂီတအမွေ
၅း၀၀ ၆။ အကပဒေသာ
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက် ရေးတေးများ
၅း၂၅ ၈။ အဆိုပြိုင်ပွဲ
၅း၃၅ ၉။ ဥတုရာသီတောကိုမှီ
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများနှင့် လှည့်ကွက်” (အပိုင်း၁၃)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေးတွေ ကောင်းရဲ့သားနဲ့”** (အပိုင်း-၁၃)
၁၉။ အစီအစဉ်ပြီး၏။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပန်းတစ်ပွင့်တောင် အရံစေတီတော်များ ထီးတော် တင်လှူပူဇော်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တော်ပေါ်ရှိ အရံစေတီတော်မြတ်များ ထီးတော်တင် မင်္ဂလာအခမ်းအနားနှင့် ပန်းတစ်ပွင့်တောင် သာသနာပြု ကျောင်းတိုက်နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအား

ပန်းတစ်ပွင့်တောင် သာသနာပြု တောရကျောင်းတိုက်နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရထံ စိန်ဖူးတော်ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ သိက္ခာထပ်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပန်းတစ်ပွင့်တောင် သာသနာပြု ကျောင်းတိုက်နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇမ္မကထိက ဗဟုဇနဟိတဓရဘဒ္ဒန္တပညာသာရထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်၍ အလှူရှင်များဖြစ်ကြသည့် ဦးတင်ထွေး-ဒေါ်ခင်လှ၊ သမီး မတင်စန်း မိသားစု၊ ဦးမြင့်သန်း-ဒေါ်သန်းသန်း မိသားစု၊ ဦးအောင်မြင့်-ဒေါ်သောင်းရင်မိသားစု၊ ဦးကြည်တင်-ဒေါ်သိန်းမြင့် မိသားစုတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်အတွင်း လက်ယာရစ် သုံးကြိမ် လှည့်လည် ပင့်ဆောင်အပူဇော်ခံကာ စေတီတော်အထွတ်သို့ပင့်ဆောင်တင်လှူကြသည်။

ထို့နောက် ပန်းတစ်ပွင့်တောင် သာသနာပြုကျောင်းတိုက် နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအားစုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် သိက္ခာထပ်မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ဆက်လက်ကျင်းပရာ အလှူရှင်များက သင်္ကန်းပရိက္ခရာနှင့် ဝါဆိုသင်္ကန်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အနုမောဒနာတရား နာယူကြသည်။ (ကြေးမုံ)

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အရာထမ်း၊ အမှုထမ်း များ၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ကျောင်းမဟာနာယကစာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါး ကြွရောက်တော်မူကြပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက် ကြည်ညိုကြသည်။

အစီအစဉ်အရ ဝန်ကြီးနှင့်ဧည့်ပရိသတ်တို့က ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြင့်တော်မူသော မေတ္တာသုတ်ပရိတ်တော်ကိုနာယူကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလအမှူးပြုသော ပင့်သံဃာတော် ၁၅ပါးတို့အား ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝါဆိုသင်္ကန်း ၁၁၂ စုံနှင့်လှူဖွယ်ဝတ္ထုအစုစု တန်ဖိုးငွေကျပ် ၁၃၁၂၀၀၀ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဝန်ကြီးနှင့်ဧည့်ပရိသတ်တို့သည် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည်မွန်းလွဲပိုင်းတွင် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့သွားရောက်ပြီး ဓာတ်ငွေ့သုံးတာဘိုင်သုံးလုံးဖြင့် စက်လည်ပတ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေ၊ရေနွေးငွေ့သုံး တာဘိုင်ဂျင်နရေတာစက်အကြီးစားပြုပြင်ပြီးစီးမှုနှင့် ကျွမ်းကျင်လုပ်သားများဖြင့် ပြန်လည်တပ်ဆင်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာလုပ်ငန်းလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။

(အမှတ်-၂ လျှပ်စစ်)

ယောနယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းနှင့် လေဘေးသင့်ကျောင်းများအတွက် လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ယောနယ်အသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အမှူးပြုသည့် ယောနယ်ဒေသ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကလေးမြို့ လေးမြို့နယ် ဇာတိဖွား ရန်ကုန်တိုင်းအတွင်း သီတင်းသုံးလျက်ရှိသော ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများအား ယောနယ်အသင်း(ရန်ကုန်)မှ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် လေဘေးဒဏ်သင့်ကျောင်းများအား ပစ္စည်းလေးပါးလှူဒါန်းပွဲကို (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယောနယ်အသင်းတိုက်အမှတ် (၂၀၂)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၌ ဘုံဆွမ်းဆက်ကပ်မည်ဖြစ်ပါ၍ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားသည်။

ဝါဆိုသင်္ကန်းနှင့် လေဘေးအတွက် ပစ္စည်းလေးပါးလှူဒါန်းပွဲသို့ ယောနယ်သူ/ သားများနှင့် ဓမ္မမိတ်ဆွေများ ကြွရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း- ၂၄၀၆၁၄၊ ဦးဘညဏ် ဖုန်း- ၅၃၆၈၅၆၊ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ ဦးသာလှ ဖုန်း-၃၈၀၄၄၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သတ္တမအကြိမ်နှစ်ပတ်လည် သုတေသနညီလာခံကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၀

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သတ္တမအကြိမ် နှစ်ပတ်လည် သုတေသနညီလာခံကို ဇူလိုင် ၂၅ရက်မှ၂၇ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ နံနက် ၉ နာရီမှစတင်၍ ကဏ္ဍအလိုက် စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စာတမ်း(၂၃)စောင်ကို နေပြည်တော် ရေဆင်းရှိစိုက်ပျိုးရေးတက္ကသိုလ်၌လည်းကောင်း၊ သစ်တောကဏ္ဍဆိုင်ရာ စာတမ်း ၁၁ စောင်ကို နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန၌လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ စာတမ်း ၁၈ စောင်ကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း ဖတ်ကြားကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်နိုင်ကြောင်း သိရှိရသည်။

ဖတ်ကြားမည့် စာတမ်းများတွင် စိုက်ပျိုးရေးကဏ္ဍ၌ ရေနစ်မှုနှင့် ရေငန်မှုဒဏ်များခံနိုင်ရည်ရှိသော စပါးမျိုး၏ ဇီဇနောက်ခံသမိုင်း လေ့လာချက်၊ ခြစည်းရိုးကြက်ဆူကို အရွက်မှမျိုးပွားမှု၊ မြန်မာ့ဆေးဖက်ဝင် သစ်ခွများအား အာဟာရပြင် အမျိုးမျိုးတွင် မျိုးပွားစမ်းသပ်မှု၊ တစ်သျှူးမျိုးပွားနည်းကိုအသုံးပြု၍ အာလူးမျိုးများထိန်းသိမ်းမှု၊ ထုပ်ပိုးစနစ် ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် သရက်သီး၏ စင်နေသက်တမ်းကာလကို လေ့လာမှု၊ ပါကစ္စတန်နိုင်ငံမှ ဝါမျိုးကောင်းကို စိစစ်သုံးသပ်မှုစာတမ်းများ၊ သစ်တောကဏ္ဍတွင် မြေအမျိုးမျိုးရှိ လမုတောများ၏ မျိုးကွဲများ ပါဝင်မှုနှင့် ပင်စည်ဖွဲ့စည်းမှုကို လေ့လာမှု၊ အပူပိုင်းဒေသမြေဆီလွှာများ၏ မြေအချဉ်အငန်ဓာတ်နှင့် အာဟာရပါဝင်မှုကို စူးစမ်းလေ့လာမှု၊ ပိတောက်နှင့် ပျဉ်းကတိုး ပျိုးပင်များတွင် ရိုင်ဇိုဘီယမ်နှင့် ဇီဝမြေဩဇာသုံးစွဲခြင်းဖြင့် အပင်၏ ကြီးထွားမှုကိုလေ့လာမှု၊ မြန်မာ့ဝါးအမျိုးမျိုး၏ ဓာတုဂုဏ်သတ္တိကို စစ်ဆေးလေ့လာမှု၊ မြန်မာ့သစ် အမျိုးပေါင်း ၇၅မျိုး၏ သိပ်သည်းမှု၊ အလေးချိန်နှင့် လုံးပတ်တည်ငြိမ်မှုကို လေ့လာမှု၊ ပိတောက်ပင်၏ ကြီးထွားမှုကို လေ့လာမှုစာတမ်းနှင့် သားငါးကဏ္ဍတွင် မြက်ချဉ်ဖတ်မှ ဓာတ်ငွေ့ထုတ်လွှင့်မှုနှင့် အချဉ်ဖောက်မှု လက္ခဏာသွင်ပြင်များအား လေ့လာမှု၊ ရခိုင်ကမ်းရိုးတန်း ငါး၊ ပုစွန်ဖမ်းဆီးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှစာတမ်းများ၊ ပျားမွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ဆေးကုသရေးစာတမ်းများ၊ နို့ထွက်ပစ္စည်းဆိုင်ရာ ထုတ်လုပ်မှုစာတမ်းများ စသည့် စီးပွားရေးဆိုင်ရာ စိတ်ဝင်စားဖွယ်ရာ စာတမ်းများပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြွက်မှတစ်ဆင့်လူသို့ကူးစက်တတ်သော အသည်းရောင်အသားဝါရောဂါကာကွယ်ရေး ကျန်းမာရေးသတိပေးနှိုးဆော်ချက်

ကြွက်မှတစ်ဆင့် လူသို့ ကူးစက်တတ်သော အသည်းရောင်အသားဝါ (Leptospirosis) ရောဂါဆိုသည်မှာ ကြွက်နှင့်တကွ ကျွဲ၊ နွား၊ ဝက်၊ မြင်း၊ ခွေးနှင့် တောရိုင်းတိရစ္ဆာန်များ၏ ကျင်ငယ်ရည်သည် အစားအသောက်၊ သောက်ရေသုံးရေ၊ မြေကြီးမှတစ်ဆင့် ထိတွေ့မိသောသူသို့ ကူးစက်ဖြစ်ပွားသည့် ရောဂါဖြစ်ပါသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ် ခံစားရပြီး ရေလွှမ်းမိုးခြင်းခံရသော၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းသော၊ သောက်သုံးရေကောင်းရရှိရန် ခက်ခဲသော ဒေသများတွင် ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်ပါသည်။

(Leptospirosis)ရောဂါ ဖြစ်ပွားလျှင် ဖျားခြင်း၊ ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊ ကြွက်သားကိုက်ခဲနာကျင်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးနီရဲရောင်ရမ်းခြင်းနှင့် ဗိုက်အောင့်ခြင်းများ ဖြစ်ပွားနိုင်ပါသည်။ ထိုရောဂါကို အချိန်မီ မကုသပါက ကျောက်ကပ်ပျက်စီးခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်းနှင့် အသည်းပျက်စီးခြင်းတို့ ဖြစ်ပွားပြီး အသက်အန္တရာယ်ကျရောက်နိုင်ပါသည်။

အသည်းရောင်အသားဝါ (Leptospirosis) ရောဂါမဖြစ်ပွားစေရန်

ကြွက်၊ ကျွဲ၊ နွား၊ ဝက်၊ မြင်း၊ ခွေးတို့၏ ကျင်ငယ်ရည်များ လူတို့၏ အစားအသောက်နှင့် သောက်သုံးရေများတွင်ထိတွေ့မှုမရှိစေရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

(၁) ရေကို ကျိုချက်ပြီးသောက်သုံးကြရန်၊
(၂) အစားအသောက် ပြင်ဆင်ချက်ပြုတ်ရာနေရာများကို သန့်ရှင်းစွာထားရှိကြရန်၊
(၃) ပန်းကန်ခွက်ယောက်များနှင့် အစားအသောက်များကို ဖုံးအုပ်ထားရှိကြရန်၊
(၄) ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊
(၅) တိရစ္ဆာန်များကို ရေတွင်း၊ ရေကန်အနီး ထိန်းကျောင်းခြင်း မပြုလုပ်ကြရန်၊
(၆) တိရစ္ဆာန်များ၏ ကျင်ငယ်ရည် ကျရောက်နိုင်သည့် ရေတွင်း၊ ရေကန်များ၊ မြစ်၊ ချောင်းများတွင် ရေကူးခြင်းကို ရှောင်ကြဉ်ရန်၊
(၇) စားကြွင်းစားကျန်များကို တိရစ္ဆာန်များထိတွေ့မှုမရှိစေရန် စနစ်တကျစွန့်ပစ်ကြရန်၊
(၈) ရေစီးရေလာကောင်းအောင် ဆောင်ရွက်ကြရန်၊
(၉) လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဆောင်ရွက်ကြရန်၊
(၁၀) သန့်ရှင်းရေး ဆောင်ရွက်ရာတွင် လက်အိတ်၊ လည်ရှည်သားရေဖိနပ်များ ဝတ်ဆင်၍လုပ်ဆောင်ကြရန်၊
(၁၁) ရောဂါဖြစ်ပွားမှုသံသယရှိပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ ဆောလျင်စွာ သတင်းပေးပို့ရန်နှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကြပါရန်။

ကျန်းမာရေးဝန်ကြီးဌာန

အတည်ပြုချိန် ၁း၀၀

လက်ရုံးများမြောင် ဉာဏ်များမြောင်ဖြင့် (၁)

ကျော်ရဲမင်း

“ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း” ဆိုတဲ့ စကားနဲ့ပြောရရင် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးက ပြည်သူတွေဟာ ကျွန်တော့် ဆွေမျိုးတွေချည်းပါပဲ။ ကျွန်တော်နဲ့တကယ့်ကို ရင်းနှီးခင်မင်ခဲ့ကြတာ မဟုတ်လား။ အလားတူ ဒီဒေသခံဆွေမျိုးတွေက စေတနာဗရပွနဲ့ ကျွေးလို့မွေးလို့ စားခဲ့ရတဲ့၊ မြိန်ခဲ့ရတဲ့ ထမင်းလုတ်ပေါင်းများစွာဟာလည်း ဘယ်လိုမှဆပ်လို့ကုန်နိုင်ဖွယ်မရှိတဲ့ ကျေးဇူးတရားတွေအဖြစ် ကျွန်တော်အမြဲ စွဲမှတ်ထားပါတယ်။

တစ်ချိန်က ကျွန်တော်ဟာ ဟိုင်းကြီးကျွန်းမှာ ဌာနတာဝန်နဲ့ နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင် နေထိုင်ခဲ့ဖူးပါတယ်။ ပထမ တစ်ကြိမ် ၁၉၉၃-၉၄ ဝန်းကျင်က တစ်နှစ်လောက်၊ နောက်တစ်ကြိမ် ၂၀၀၂-၀၆က လေးနှစ်လောက် စုစုပေါင်း ငါးနှစ်လောက်ကို အခြေချ နေထိုင်ခဲ့ဖူးတာပါ။ အဲဒီအချိန်တွေတုန်းက ဟိုင်းကြီးကျွန်းမှာ အခြေချရင်း တာဝန်အရ မြစ်ဝကျွန်းပေါ်တစ်ခွင် ပြုပြစ်ငအောင် နှံ့ခဲ့ရပါတယ်။ ပြောရရင် မြစ်ဝကျွန်းပေါ်သားစစ်စစ်တစ်ယောက်တောင် မြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခုလုံးကို ကျွန်တော့်လောက်နှံ့အောင် ရောက်နိုင်မယ် မထင်ပါဘူး။ မြစ်ဝကျွန်းပေါ်တစ်ခုလုံး အကြောင်းကိုလည်း ကျွန်တော့်လောက် စုံအောင်သိနိုင်မယ်မထင်ပါဘူး။ အထူးသဖြင့် ပင်လယ်ပိုင်းဒေသတွေ၊ ကမ်းရိုးတန်းနဲ့ ပင်လယ်ဝမြစ်ပေါက်၊ ချောင်းပေါက်တွေမှာ ကျွန်တော်ဟာ စုန်ချည်ဆန်ချည် ခေါက်တုံ့ ခေါက်ပြန် ထပ်ထပ်ကြိမ်အောင် သွားလာလှုပ်ရှားခဲ့ရပါတယ်။ ဌာနကပေးထားတဲ့ သင်္ဘောလေးနဲ့ တစ်မျိုး၊ သင်္ဘောကြီးတွေနဲ့ တစ်သွယ်၊ ပဲ့ထောင်၊ လိုင်းကောင်တွေစီးလို့ တစ်နည်း၊ ဆားမော်တော်၊ ရေခဲမော်တော်၊ ငါးဖမ်းဝါးလတ် စတာတွေနဲ့တစ်ဖုံ ကြုံသလို ခရီးနှင်ရင်း မြစ်ကြီးမြစ်ငယ်၊ ချောင်းကြီးချောင်းငယ်နှံ့ရုံမက ရေကျော်လေးတွေ၊ ရိုးလေး တွေပါမကျန် ဖြတ်ခဲ့ သန်းခဲ့ သွားလာခဲ့ရဖူးပါတယ်။

ဆိုတော့ ဟိုင်းကြီးကျွန်းကနေ လပွတ္တာ၊ မြောင်းမြ၊ ပြင်စလူ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ အမာ၊ ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒလအထိ ပင်လယ်ပိုင်းဒေသ မြို့ကြီး၊ မြို့ငယ်၊ မြို့လေးတွေ အပြင် ရွာကြီး၊ ရွာလတ်၊ ရွာသိမ်၊ ရွာငယ်မကျန် ကျွန်တော်မရောက်ဖူးတဲ့နေရာ မရှိသလောက်ပါပဲ။ ရောက်တဲ့နေရာတိုင်းမှာလည်း တာဝန်အရရော၊ ကျွန်တော့်ရဲ့ ဝါသနာစရိုက်အရပါ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်းပြီး ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေလာခဲ့ပါတယ်။ အတူနေ၊ အတူသွား၊ အတူစား ဘဝမျိုးနဲ့ တကယ့်ကိုပျော်ရွှင်ခဲ့ပါတယ်။ မြို့ရွာမျက်နှာဖုံး ဆန်စက်ပိုင်ရှင်၊ ရေလုပ်ငန်းရှင်၊ ကုန်သည်ပွဲစားကြီးတွေကအစ လယ်သမား၊ ခြံသမား၊ လှေသမား၊ ငါးသမား အလယ် ငါးပေါင်းလှေပေါ်က လှေသား၊ ပုစွန်ဖောင်ပေါ်က ဖောင်သားလေးတွေအဆုံး အားလုံးနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တာဆိုတော့ ခင်ရာဆွေမျိုးဆိုရင် ပင်လယ်ပိုင်းဒေသတစ်ခုလုံးဟာ ကျွန်တော့် ဆွေမျိုးတွေချည်းပါပဲလို့ ဆိုရခြင်းဖြစ်ပါတယ်။ ဒေသခံတွေနဲ့ တစ်သားတည်း နေထိုင်စားသောက် ဆက်ဆံရင်းနှီးလာခဲ့တာဆိုတော့ မြိန်ရာဟင်းကောင်းတွေလည်း ဘယ်ရေတွက်လို့ရနိုင်ပါ့မလဲ။ အခုချိန်မှာ ကျွန်တော် တကယ်ပဲ အောက်မေ့သတိရမိပါတယ်။

အခုတော့ တာဝန်အရပဲ ကျွန်တော့်ဆွေမျိုးတွေနဲ့ ဝေးခဲ့ရတာ နှစ်နှစ်ဝန်းကျင်ရှိလာပါပြီ။ ဝေးပေမယ့် မမေ့ဘူးလို့ ဆိုချင်ပါတယ်။ အကြောင်းတိုက်ဆိုင်တိုင်းလည်း မကြာခဏ သတိရနေတတ်ပါတယ်။ အခုတလောတော့“နာဂစ်”ကြောင့် မြစ်ဝကျွန်းပေါ်က ကျွန်တော့် ဆွေမျိုးတွေကို နေ့တိုင်း သတိရနေတော့တာပါပဲ။

“နာဂစ်” မုန်တိုင်းကြောင့် မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသ တစ်ခုလုံး ပျက်စီးဆုံးရှုံးမှုကြီးမားပြီး ကိုယ့်ဆွေမျိုးတွေ အတိဒုက္ခရောက်ခဲ့ကြရတာ မြင်နေ၊ တွေ့နေ၊ ကြားသိနေရတော့ ဘယ်လိုမှ စိတ်မကောင်းနိုင်ပါဘူး။ သူတို့အတွက် ဝမ်းနည်းကြေကွဲရတာနဲ့အမျှ တတ်နိုင်သမျှ ကူညီပံ့ပိုးလှူဒါန်းမှုတွေလည်း မပြတ်တမ်းလုပ်ခဲ့ပါတယ်။ သို့ပေမယ့် ငါ့ဆွေငါ့မျိုးတွေ စားစရာမှလောက်ငှပါ့မလား၊ ဝတ်စရာမှ လုံခြုံပါ့မလား၊ နေစရာမှ အဆင်ပြေပါ့မလားဆိုပြီး ပူပင်ကြောင့်ကြမိတာလည်း အမှန်ပါပဲ။ ကျွန်တော့်လိုပဲ တစ်နိုင်ငံလုံးက ပြည်သူတွေကလည်း လေဘေးသင့်ပြည်သူတွေအတွက် ကိုယ့်သွေးသားရင်းချာပမာ စိတ်မကောင်းခြင်းကြီးစွာ၊ ပူပင်ကြောင့်ကြမှုကြီးစွာနဲ့ ကူညီကြ၊ လှူဒါန်းကြ၊ ပံ့ပိုးကြတာတွေ နေ့စဉ်တွေ့မြင် ကြားသိနေရပြန်တော့ အားတက်ဝမ်းမြောက်မှုနဲ့အတူ စိတ်အေးရပြန်ပါတယ်။

တကယ်တော့ သဘာဝဘေးအန္တရာယ်ဆိုတာ ဘယ်သူမှလွှန်ဆန်လို့ မရနိုင်တဲ့၊ ရှောင်လွှဲဖို့မတတ်နိုင်တဲ့ သဘာဝဖြစ်စဉ်သာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်လေတိုင်းလည်းအဲဒီသဘာဝဘေးရဲ့ အဖျက်စွမ်းအား ကြီးမားပြင်းထန်မှုအပေါ် မူတည်ပြီး ဒေသခံပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုတွေ၊ ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ရပ်ဆိုးတွေကို မလွဲမသွေ တွေ့ကြုံခံစားကြရစမြဲသာ ဖြစ်ပါတယ်။ ဒီအတွက် ဒို့ကျမှဖြစ်ရလေခြင်းဆိုပြီး ကြေကွဲဝမ်းနည်း ငိုကြွေးနေလို့ ဘာမှထူးလာမှာမဟုတ်ပါဘူး။ မုန်တိုင်းဆိုတာ သဘာဝဘေးမို့လို့ သူ့ကိုယိုးမယ်ဖွဲ့ပြီး အပြစ်တင်နေလို့မရပါဘူး။ ဘာပဲဖြစ်ဖြစ် လဲနေရင် ပြန်ထရမှာပါ။ ပြိုပျက်သွားရင်လည်း ပြန်ပြီးတည်ဆောက်ကြရမှာပါ။ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေဟာ မူလကတည်းက “ရိုးသားကြိုးစား ဧရာဝတီသား” ဆိုတဲ့ ခံယူချက်မျိုးနဲ့ နိုင်ငံ့စီးပွား နိုင်ငံ့အားကို ဦးဆောင်မြှင့်တင် တည်ဆောက်နေတဲ့ စွမ်းအားရှင်တွေသာ ဖြစ်ကြပါတယ်။ ကိုယ်ပိုင်ဇွဲလုံ့လ ဝီရိယတွေနဲ့ ကိုယ့်ရပ်ရွာကိုယ့်ဒေသကို ပြန်လည်ထူထောင် တည်ဆောက်နိုင်စွမ်းရှိကြပါတယ်။ ဒါကိုတော့ ကျွန်တော်အကြွင်းမဲ့ ယုံကြည်ထားပါတယ်။

နိုင်ငံတော်ပိုင်းကလည်း လေဘေးကြောင့် ပြိုလဲပျက်စီးဆုံးရှုံးမှုတွေနဲ့ပတ်သက်ပြီး **“မြေအုတ်တို့ပြိုလဲရာမှာ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်နိုင်ရမည်”** ဆိုတဲ့ ရည်မှန်းချက်မျိုးထားပြီး ပြန်လည်ထူထောင် တည်ဆောက်ပေးနေတာပဲမဟုတ်လား။ ပြောရရင် မေလ ၃ ရက်နေ့ မုန်တိုင်းတိုက်လို့ကောင်းနေဆဲ ကာလအတွင်းမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အရေးပေါ်အစည်းအဝေးပြုလုပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို ချက်ချင်းစတင်ခဲ့ကြတာဖြစ်ပါတယ်။ **“အသက်ရှင်ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်နေထိုင်ရမည်” ဆိုတဲ့ ဝန်ကြီးချုပ်ရဲ့ဩဝါဒနဲ့အညီ အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းတွေကို ချက်ချင်းဆောင်ရွက်ခဲ့တဲ့အပြင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့်သတ်မှတ်ပြီး အပြင်းအထန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက် လေဘေးသင့်ဒုက္ခသည် အများစုကို ကယ်တင်နိုင်ခဲ့ပါတယ်။ ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းတွေအတွက် နောက်တန်းစခန်း (၅)ခု၊ အလယ်တန်းစခန်း(၁၅)ခုနဲ့ ရှေ့တန်းစခန်း (၁၂)ခုတို့မှာ အိုးအိမ်မဲ့ပြည်သူ တစ်သန်းကျော်ကို ရွှေ့ပြောင်းနေရာချထား ပေးနိုင်ခဲ့ပါတယ်။ အလှမ်းဝေးတဲ့ အစွန်အဖျား ကျေးရွာတွေတိုင်အောင် စက်လှေ၊ ရဟတ်ယာဉ်တွေနဲ့ စားရေရိက္ခာတွေ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။**

ဒါ့အပြင် နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့ ကိုယ်တိုင် လေဘေးသင့်ဒေသတွေအရောက်ကွင်းဆင်းပြီး လေဘေးသင့် ပြည်သူတွေကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးရင်း လုပ်ငန်းလိုအပ်ချက်တွေကိုလည်း အနီးကပ်ကြီးကြပ် လမ်းညွှန်မှုတွေပြုခဲ့ပါတယ်။ ဒါကြောင့်လည်း ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအားလုံး မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်ပြီး

> **နိုင်ငံတော်အရန်ဆန်များကို ထုတ်ယူပြီး ကယ်ဆယ်ရေးစခန်းများ၌ အိုးကြီး၊ အိုးငယ် အသွယ်သွယ်ဖြင့် ချက်ပြုတ်ကျွေးမွေးခဲ့ရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ထမင်းနှင့်ဟင်းများကို ကလေးငယ်များအား ဤကဲ့သို့ ကိုယ်တိုင်ကျွေးမွေးအားပေးခဲ့သည်။** (သတင်းစဉ်)

မျှော်မှန်းထားတာထက် ခရီးပေါက်နိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့် ဆွေမျိုးတွေအတွက် ကျွန်တော်စိတ်ပူတာထက် မိဘနဲ့တူတဲ့ နိုင်ငံတော်အကြီးအကဲတွေက သားသမီးသဖွယ်ဖြစ်တဲ့ လေဘေးသင့် ပြည်သူတွေအတွက် စိုးရိမ်ပူပန်မှုက အဆပေါင်းများစွာ ပိုလိမ့်မယ် ဆိုတာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိပါဘူး။

အခုအချိန်မှာတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုတွေ၊ ပြည်တွင်း ပြည်ပ စေတနာရှင် အလှူရှင်များရဲ့ အားတက်သရော လှူဒါန်းပံ့ပိုး ကူညီမှုတွေကြောင့် လေဘေးသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ကူးပြောင်းအကောင်အထည်ဖော်ဆောင်ရွက်နေပါပြီ။ ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေအတွက် လုံးလုံးကို စိတ်အေးနိုင်ခဲ့ပြီလို့ ဆိုရပါမယ်။

ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ **“မူလနေထိုင်လုပ်ကိုင်ခဲ့သည့် အခြေအနေထက် သာလွန်ကောင်းမွန် တိုးတက်စေရမည်”ဆိုတဲ့ ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိုးအိမ်မဲ့မိသားစုများအတွက် ၁၆ ပေ × ပေ ၂၀ အကျယ် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ/ထရံကာ အခိုင်အမာလူနေအိမ်တွေကို စနစ်တကျတည်ဆောက်ပြီး ပြန်လည်နေရာချထားပေးနေတာ တွေ့မြင်နေရတော့ တကယ့်ကိုကျေနပ်အားရမိပါတယ်။ အရင်တုန်းက ကျွန်တော် ကျင်လည်ကျက်စားခဲ့ရတဲ့ ပင်လယ်ပိုင်း တံငါရွာကလေးတွေက တစ်ဖက်ယပ် တံငါတဲလေးတွေနေရာမှာ သွပ်မိုးဖွေးဖွေးတွေနဲ့ စီစီရီရီ သပ်သပ်ရပ်ရပ် အခိုင်အမာ အိမ်တန်းရှည်တွေကိုမြင်လိုက်ရတော့ ကျွန်တော့်ဆွေမျိုးတွေအတွက် ဝမ်းသာမိတာ မပြောပါနဲ့တော့။ ကျွန်တော်တောင် ဒီလောက်ဝမ်းသာမယ်ဆိုရင် ကာယကံရှင်ဖြစ်တဲ့ သူတို့တွေ ဘယ်လောက်များ ဝမ်းသာပီတိဖြစ်လိုက်ရှာမလဲ။ ကျွန်တော်တွေးရင်း ကြည်နူးမိပါတယ်။ နိုင်ငံတော်ရဲ့ ထောက်ပံ့စီမံမှုနဲ့ အလှူရှင်ကုမ္ပဏီတွေက လေဘေးသင့်ဒေသအသီးသီးမှာ အခုလိုမျိုး အခိုင်အမာ နေအိမ်ထောင်နဲ့ချီပြီး ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်တဲ့အပြင် လေဒဏ် ရေဒဏ် ကင်းဝေးတဲ့နေရာတွေမှာ မြို့သစ်တွေတည်ပြီး အခိုင်အမာ နေအိမ် တစ်ထောင်ဝန်းကျင်ပါဝင်တဲ့ ရပ်ကွက်တွေ ထပ်ပြီး တည်ဆောက်ပေးဦးမယ်လို့ သိရပါတယ်။**

အခုဆိုရင် လေဘေးသင့်ဒေသအားလုံးမှာ အခြေခံပညာကျောင်းတွေအားလုံး ပြန်ဖွင့်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အရင်တုန်းက ကျွန်တော်နဲ့ ကျွန်တော့်တပည့်တွေကိုယ်တိုင် အချိန်ပိုင်းဝင်ကူပြီး စာသင်ပေးခဲ့ရတဲ့ တွဲဖက်ကျောင်းကလေးတွေလည်း အခု နိုင်ငံတော်ကတာဝန်ယူတဲ့ အခြေခံပညာကျောင်းတွေအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့ပြီလို့ သိရပါတယ်။ အစစအရာရာ မပြည့်စုံတဲ့ တွဲဖက်

ကျောင်းကလေးမှာ ချို့ချို့ငဲ့ငဲ့ပညာသင်ကြားခဲ့ရတဲ့ ကျွန်တော့်တူ၊ တူမလေးတွေဟာ ယခုအခါမှာတော့ အရင်တုန်းကထက်ပိုပြီး ပြည့်စုံအဆင်ပြေနေ လောက်ပြီလို့တွေးရင်း ခများလေးတွေရဲ့ အနာဂတ်ဘဝ လှကြပါစေလို့ ဆုတောင်းနေမိပါတယ်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း ထွန်စက်စခန်းတွေ ဖွင့်ပေးနေတာ၊ လက်တွန်းထွန်စက်တွေနဲ့ အားကြိုးမာန်တက်ထွန်ယက်နေကြတာတွေ တွေ့နေမြင်နေရပါတယ်။ အရင်တုန်းကတော့ ကျွဲနွားနဲ့အတူဖက်ပြီး ရုန်းခဲ့ကြရတဲ့ ဘဝတွေကများပါတယ်။ အခုကျတော့ လက်တွန်းထွန်စက်တွေသာမက ဒီဇယ်ဆီ၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စတာတွေကိုပါ လက်ငင်းငွေချေဖို့မလိုဘဲ စာရင်းမှတ်စနစ်နဲ့ ပံ့ပိုးပေးနေပါတယ်။ စိုက်ပျိုးလုပ်ကိုင်မယ့် လယ်ဧကအလိုက် စိုက်ပျိုးစရိတ်ချေးငွေကိုလည်း စာရင်းမှတ်စနစ်နဲ့ ထုတ်ချေးပေးနေတာဆိုတော့ လိုလေသေးမရှိဆိုတာ ဒါမျိုးပါလို့ ဆိုရမလိုဖြစ်နေပါပြီ။ ဧရာဝတီသား ကျွန်တော့်ဆွေမျိုးတွေကလည်း မူလကတည်းက လုပ်အားပြဖို့ အားသန်ကြသူတွေဖြစ်တဲ့အတွက် ဒီနေ့အချိန်မှာ အားကြိုးမာန်တက် ထွန်ယက်စိုက်ပျိုးနေကြပါပြီ။ မကြာမီမှာ မြကမ္ဗလာခင်းထားသလို စိမ်းအိုပြီး ယိမ်းနွဲ့ကကြိုးဆင်နေတဲ့ လယ်ကွင်းပြင်တွေကို အရင်တုန်းကလို တစ်မျှော်တစ်ခေါ် ရှုမဆုံးအောင် မြင်တွေ့ကြရတော့မှာ မလွဲဧကန်ပါပဲ။

ပင်လယ်ပိုင်းက ရေလုပ်ငန်းသမားတွေလည်း နစ်မြုပ်ပျက်စီးသွားတဲ့ ငါးဖမ်းလှေတွေကို သက်ဆိုင်ရာတွေရဲ့အကူအညီနဲ့ ပြန်ဖော်ကြ၊ ပြန်ပြုပြင်ကြပြီး ငါးဖမ်းလုပ်ငန်းတွေ ပြန်စနေကြပါပြီ။ ဒါ့အပြင် ငါးဖမ်းလှေငယ်တွေ၊ စက်တပ်ငါးဖမ်းလှေကြီးတွေ၊ အင်ဂျင်စက်တွေ၊ ငါးဖမ်းပိုက်တွေ၊ စက်သုံးဆီတွေ၊ ရေလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းတွေကို ပံ့ပိုးထူထောင်ဖြည့်ဆည်းပေးနေတဲ့အတွက် ပင်လယ်ပိုင်းရဲ့ ငါးဖမ်းလုပ်ငန်းတွေဟာ ပုံမှန်အတိုင်း ပြန်ဖြစ်နေပြီလို့ကြားရပါတယ်။ ပင်လယ်ပိုင်းဆိုတာ လှေတစ်စင်း၊ ပိုက်တစ်ဖုံရှိရင် မိသားတစ်စု အသက်မွေးမှုအတွက် ဘာကိုမှမူစရာမလိုတဲ့ ဒေသမျိုးဖြစ်လေတော့ အခုလိုငါးတွေ ပြန်ဖမ်းနိုင်ကြပြီဆိုရင်ကိုပဲ ကျွန်တော့်ဆွေမျိုးတွေအတွက် စိတ်နှလုံးတုံးတုံးချလို့ရပါပြီ။ အလားတူ ဆားကွင်းသမား၊ ပုစွန်ကန်သမားတွေလည်း မကြာခင်ရာသီချိန်ရောက်ရင် ပြန်ပြီးဦးမော့လာကြမယ်လို့ မျှော်လင့်မိပါတယ်။

တစ်ဖက်ကလည်း စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ ရုံး၊ ဌာနအဆောက်အအုံတွေကို ပြန်လည်တည်ဆောက်နေကြပါပြီ။ အဲဒီလိုတည်ဆောက်ရာမှာ သာမန်အချိန်မှာ သက်ဆိုင်ရာလုပ်ငန်းတွေအတွက် အသုံးပြုနိုင်ရုံမျှမက လေပြင်းမုန်တိုင်းနဲ့ ဒီရေလှိုင်းကြီးတွေ ကျရောက်လာတဲ့အချိန်မှာ သဘာဝဘေးဒဏ်ခိုလှုံရန်နေရာ၊ အကာအကွယ်ယူရန်နေရာ (Cyclone Shelter) များအဖြစ် ဒီဇိုင်းရေးဆွဲပြီး အခိုင်အခံ့တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ အလားတူ ပင်လယ်ပိုင်းဒေသတွေအတွက် အဓိကကွန်ရက်လမ်းမကြီး ငါးခု စီမံကိန်းကို ယခုမိုးရာသီအတွင်း မြေသားလမ်းအဆင့်ပြီးအောင် ကြိုးပမ်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီလမ်းကွန်ရက် စီမံကိန်းများမှာလည်း ရွာနဲ့နီးတဲ့ လမ်းအပိုင်းတွေကို ပေ ၂၀/၃၀ အမြင့်အထိ မြှင့်တင်တည်ဆောက်ပြီး သဘာဝဘေးကျရောက်ချိန်မှာ ခိုလှုံရန်နေရာအဖြစ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် နောင်ကာလ တွေမှာ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းရေးအတွက် သဘာဝအကာအကွယ်ဖြစ်တဲ့ ဒီရေတောတွေကို ပြန်လည်ပျိုးထောင် ထိန်းသိမ်းရေးလုပ်ငန်းတွေ စတင်နေပါပြီ။ နိုင်ငံတော်ပိုင်းအနေနဲ့ ရေရှည်မှာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရည်မှန်းချက်ထားပြီး ဒီလိုအစီအမံတွေ ဆောင်ရွက်ပေးနေတာကြောင့် နောက်နောင်ဆိုရင်တော့ ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေအတွက် ဒီလောက်ကြီး စိုးရိမ်စရာအကြောင်း မရှိတော့ပါဘူး။ အခုတစ်ကြိမ်သာ အတွေ့အကြုံမရှိလို့ အလစ်အငိုက် ခံလိုက်ရပေမယ့် နောင်ဆိုရင်တော့ ဒီလိုပျက်စီးဆုံးရှုံးမှုပမာဏမျိုး ကြုံလာနိုင်စရာမရှိဘူးလို့ ဆိုနိုင်ပါတယ်။

တကယ်တော့ ဒီနေ့ဒီအခြေအနေမျိုး ပြန်ရောက်လာအောင် နိုင်ငံတော်အပိုင်းက ငွေကျပ် ဘီလီယံပေါင်းများစွာကျခံသုံးစွဲပံ့ပိုးပေးခဲ့ရသလို ဌာနဆိုင်ရာတွေ၊ ကုမ္ပဏီအဖွဲ့အစည်းတွေ၊ ရဟန်းရှင်လူ ပြည်သူတွေအားလုံးကလည်း စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ အားတက်သရော ပံ့ပိုးကူညီလှူဒါန်းခဲ့ကြပါတယ်။ အလားတူ ကမ္ဘာ့နိုင်ငံတွေ၊ ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတွေ၊ INGO တွေနဲ့ NGO အဖွဲ့အစည်း တွေကလည်း ကယ်ဆယ်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုနဲ့ အဆက်မပြတ် ပေးပို့လှူဒါန်းခဲ့ ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်ပိုင်းက ဦးဆောင်စီမံ ကျခံပံ့ပိုးမှုတွေအပြင် စေတနာရှင် ရဟန်းရှင်လူပြည်သူများရဲ့ ပံ့ပိုးလှူဒါန်းမှုအား၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းကြီးများရဲ့ ပူးပေါင်းဆောင်ရွက်မှုအား၊ နိုင်ငံတကာအလှူရှင်များရဲ့ လှူဒါန်းမှုအားများကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုရမှာသာ ဖြစ်ပါတယ်။

လှူဒါန်းခဲ့ကြတဲ့ ငွေကြေးပစ္စည်းတန်ဖိုးပမာဏ ကြီးမားလှသလို ပစ္စည်းအမယ်ပေါင်းလည်း အလွန်ပင်များပြားလှပါတယ်။ ဒီနေရာမှာအလျဉ်းသင့်တုန်း လေဘေးသင့်ကျွန်တော့်ဆွေမျိုးများအတွက် မေလ ၄/၅ ရက်ကစပြီး ဇူလိုင်လ ၁၄ ရက်နေ့အထိ လှူဒါန်းထောက်ပံ့မှုတွေထဲက 'ဆန်'တစ်မျိုးတည်းရဲ့ လှူဒါန်းထောက်ပံ့မှုပမာဏကိုပဲ သိသာမြင်သာအောင် ကိန်းဂဏန်းများနှင့်တကွ ဖော်ပြလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆန်ဟာ ကျွန်တော်တို့လူမျိုးရဲ့ အဓိကစားနပ်ရိက္ခာဖြစ်နေလို့ပါပဲ။ ကျွန်တော်တို့လူမျိုးမှာ ဆန်သာရှိနေရင် ကျန်တဲ့စားဖို့သောက်ဖို့ကိစ္စတွေက မထောင်းသာလှပါဘူး။ ဒါကြောင့်လည်း လေဘေးသင့်ပြည်သူတွေနဲ့ပတ်သက်ရင် နိုင်ငံတော်အပိုင်းက ဆန်ကို အဓိကထားပြီးထောက်ပံ့ပေးလျက်ရှိပါတယ်။

ပြောရရင် **နိုင်ငံတော်မှာ အရေးကိစ္စကြုံတဲ့အခါ ပြည်သူလူထုရဲ့ စားနပ်ရိက္ခာကိစ္စကို ကူညီပံ့ပိုးဖြေရှင်းပေးနိုင်ဖို့ အရန်ဆန်ဆိုတာ သိုလှောင်ထိန်းသိမ်းထားရစမြဲဖြစ်ပါတယ်။ အရန်ဆန်ကို နိုင်ငံတော် ဘဏ္ဍာငွေနဲ့ဝယ်ယူပြီး စနစ်တကျထိန်းသိမ်းသိုလှောင်ထားပါတယ်။ အရေးအကြောင်းပေါ်လို့ နိုင်ငံတော်က မကူရင်မဖြစ်တဲ့ အခြေအနေမျိုးကျမှ ထုတ်သုံးပါတယ်။ အခုလည်း နာဂစ်ကိစ္စ အရေးပေါ်ကြုံလာတော့ လေဘေးသင့်ပြည်သူတွေ အငတ်ဘေးမကြုံရအောင် နိုင်ငံတော်ပိုင်းက အရန်ဆန်တွေကိုထုတ်ယူပြီး စနစ်တကျ ထောက်ပံ့ပေးခဲ့ရပါတယ်။ ဘယ်လိုထောက်ပံ့ပေးသလဲဆိုတော့ မုန်တိုင်းပြီးပြီးချင်း မေလ ၄/၅ ရက်လောက်ကစပြီး ကယ်ဆယ်ရေးစခန်းတွေမှာ အိုးကြီးအိုးငယ် အသွယ်သွယ်နဲ့ ချက်ပြုတ်ကျွေးမွေးခဲ့ရပါတယ်။ ဒုက္ခသည်တစ်ယောက်ကို တစ်နေ့ဆန်နှစ်ဘူးနှုန်းနဲ့ ဖိုကြီးတွေမှာစုပေါင်းပြီး ချက်ပြုတ်ကျွေးမွေးခဲ့တာပါ။ အဲဒီတုန်းက ကယ်ဆယ်ရေးစခန်း အရေအတွက်ပေါင်း ၇၂၆ ခုအထိရှိခဲ့ပြီး ဒုက္ခသည်ပေါင်း တစ်သန်းသုံးသိန်းကျော် အထိ တာဝန်ယူကျွေးမွေးခဲ့ရပါတယ်။**

ဒီလိုအခြေအနေမျိုးမှာ နိုင်ငံတော်က တာဝန်မယူလို့ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့အတွက် နိုင်ငံတော်အပိုင်းက အရန်ဆန်တွေ ထုတ်သုံးပြီး အပြည့်အဝတာဝန်ယူ ထောက်ပံ့ကျွေးမွေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းတွေဟာ တာထွက်ကောင်းခဲ့သလို အရှိန်အဟုန်လည်း မြင့်မားခဲ့တဲ့အတွက် မေလကုန်လောက်ကစပြီး လေဘေးသင့်မိသားစုတွေကို အိုးခွက်ပန်းကန်များ လုံလောက်အောင် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဲဒီလိုအိုးခွဲချက်ဖို့ အိုးခွက်ပန်းကန်ပြည့်စုံတဲ့အချိန်မှာ မိသားတစ်စုချင်း ချက်ပြုတ်စားသောက်နိုင်ဖို့ လိုအပ်တဲ့ဆန်ကို မူလနှုန်းထားအတိုင်းပဲ ထောက်ပံ့ပေးခဲ့ပြန်ပါတယ်။ ဖိုကြီးစနစ်နဲ့ ချက်ပြုတ်ကျွေးမွေးရာကနေ မိသားတစ်စုချင်းအလိုက် ချက်ပြုတ်စားသောက်တဲ့ပုံစံ ပြောင်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ပုံစံပြောင်းပေမယ့် ဆန်ထောက်ပံ့မှု နှုန်းထားကတော့ လျော့မသွားခဲ့ပါဘူး။ ယနေ့အထိ အဲဒီနှုန်းထားအတိုင်း ထောက်ပံ့နေဆဲဖြစ်သလို ရှေ့ဆက်ပြီးတော့လည်း အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးနေဦးမှာပဲဖြစ်ပါတယ်။

စတင်ထောက်ပံ့ချိန်ကစပြီး ၁၄-၇-၂၀၀၈ ရက်နေ့အထိ ဆန်ရရှိမှုကို ကြည့်မယ်ဆိုရင် နိုင်ငံတော်အရန်ဆန်မှ ထောက်ပံ့မှု ၃၇၈၃၆၃ အိတ် (၁၈၉၁၈ ဒသမ၁၅ တန်)၊ လုပ်ငန်းကုမ္ပဏီများနဲ့ ရဟန်းရှင်လူ ပြည်သူများကလှူဒါန်းမှု ၂၃၃၁၆၇ အိတ် (၁၁၆၅၈ ဒသမ ၃၅ တန်)၊ WFP မှ လှူဒါန်းမှု ၆၆၈၂၄ အိတ်(၃၃၄၁ ဒသမ ၂တန်) ဖြစ်တဲ့အတွက် စုစုပေါင်း ရရှိဆန်အိတ်ဟာ ၆၇၈၃၅၄ အိတ်(၃၃၉၁၇ ဒသမ ၇ တန်)ဖြစ်ပါတယ်။ အဲဒီအထဲက ၁၄-၇-၂၀၀၈ ရက်နေ့အထိ ၄၂၃၆၇၇ အိတ် (၂၁၁၈၃ဒသမ ၈၅ တန်)ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်အရန်ဆန် ၂၅၄၆၇၇ အိတ် (၁၂၇၃၃ဒသမ ၈၅တန်) အသင့်စုပုံထားရှိပါတယ်။ ဆန်အိတ်ပေါင်း ခုနစ်သိန်းနီးပါးအထိ စုဆောင်းထားပြီး လေးသိန်းကျော် ထောက်ပံ့ပေးခဲ့ပြီးတဲ့ ပမာဏကိုကြည့်ရင် နိုင်ငံတော်ပိုင်းက ဘယ်လောက်အထိ စိုက်ထုတ်ကျခံထားရတယ်ဆိုတာ သိမြင်နိုင်ပါတယ်။

ရခိုင်နှုန်းအားဖြင့်ကြည့်ရင် နိုင်ငံတော်အရန်ဆန်က ၅၅ဒသမ ၇ရာခိုင်နှုန်း၊ ကုမ္ပဏီတွေနဲ့ ရဟန်းရှင်လူ ပြည်သူတွေက ၃၄ဒသမ ၄ရာခိုင်နှုန်း၊ WFP က ၉ဒသမ ၉ရာခိုင်နှုန်းဖြစ်ပါတယ်။ တကယ်တမ်းကျတော့ နိုင်ငံတော်နဲ့ လုပ်ငန်းကုမ္ပဏီတွေ၊ ရဟန်းရှင်လူပြည်သူတွေရဲ့ လှူဒါန်းထောက်ပံ့မှုကကို စုစုပေါင်း ရာခိုင်နှုန်း ၉၀လောက် ရှိပါတယ်။ အချိန်နှစ်လသာသာအတွင်းမှာကို ဆန်အိတ်ပေါင်း လေးသိန်းကျော် ထောက်ပံ့ကုန်ကျခဲ့ရင် ကျန်ဦးမယ့်ကာလတွေအတွက် ဆန်လိုအပ်ချက်ပမာဏဟာ မြင့်မားနေဦးမှာပဲဆိုတာ မြင်သာပါတယ်။ လက်ကျန်ဆန်အိတ် နှစ်သိန်းခွဲဟာ ရှေ့ဆက်ထောက်ပံ့ရမယ့်ကာလနဲ့ယှဉ်ရင် ထပ်ပြီးလိုအပ်နေဦးမှာပါ။ ကျန်တဲ့လှူဒါန်းမှုအပိုင်းက မပြည့်မီရင် နိုင်ငံတော်အရန်ဆန်အပိုင်းကပဲ ဆက်ပြီးစိုက်ထုတ်ထောက်ပံ့ပေးရမှာဖြစ်ပါတယ်။ **ဘယ်နိုင်ငံတော်အစိုးရကမှ ကိုယ့်ပြည်သူတွေ ဒုက္ခရောက်မှာကို လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို အစိုးရနဲ့ပြည်သူဟာ သားသမီးနဲ့မိဘလို ဆက်ဆံရေးမျိုးရှိနေတဲ့နိုင်ငံမျိုးမှာ ပိုပြီးတော့တောင် နိုင်ငံတော်ပိုင်းက ဂရုစိုက်ပေးနေပါသေးတယ်။ ဒီအတွက်လည်း နိုင်ငံတော်ရဲ့ကျေးဇူးတရားကို ကျွန်တော်တို့ မြင်တတ်ကြစေချင်ပါတယ်။**

လေဘေးသင့် ပြည်သူတွေနဲ့ပတ်သက်ပြီး ခေါက်ဆွဲခြောက်၊ ဘီစကစ်၊ ငါးသေတ္တာ၊ အချိုရည်ဘူး စသဖြင့် အသင့်သုံးစားသောက်ဖွယ်ရာတွေလည်း လှူဒါန်းကြတာတွေ အများကြီးပါ။ ဒါပေမယ့် ကျွန်တော်တို့လူမျိုးတွေ၊ ကျွန်တော်တို့ဆွေမျိုးတွေအနေနဲ့က ဆန်တစ်ခုတည်းကိုပဲ အာရုံကျပြီး ထမင်းစားရမှ အာသီသ ပြေတတ်ကြလေတော့ ဆန်နဲ့ပတ်သက်တဲ့ ကိန်းဂဏန်းတွေကိုပဲ အထူးပြုဖော်ပြခြင်းဖြစ်ပါတယ်။ ကျန်တဲ့ လယ်ယာသုံးပစ္စည်းတွေ၊ ရေလုပ်ငန်းသုံးပစ္စည်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းတွေ၊ အိမ်ရာတည်ဆောက်မှုတွေ စတဲ့ လှူဒါန်းမှုအစုစုဆိုင်ရာ ကိန်းဂဏန်းများကိုလည်း ဆက်လက်ပြီး တင်ပြပေးသွားဦးမှာပါ။

ချုပ်ပြီးပြောရရင် မြစ်ဝကျွန်းပေါ်ဆိုတာ မြန်မာပြည်ရဲ့ စပါးကျီပါ။ ဧရာဝတီသား ကျွန်တော့်ဆွေမျိုးများ စိုက်ခဲ့ပျိုးခဲ့ကြတဲ့ ဆန်စပါးတွေကို ကျွန်တော်အပါအဝင် တစ်နိုင်ငံလုံးက မြန်မာပြည်သူအားလုံး စားသုံးခဲ့ ကြပေါင်းများလှပါပြီ။ ဒါပေမယ့် ဒီနေ့ဒီအချိန်မှာတော့ ကျွန်တော်တို့အားလုံးက သူတို့အတွက်ပြန်ပြီး လှူဒါန်းထောက်ပံ့နေကြရပါတယ်။ တစ်လုတ်စားဖူး သူ့ကျေးဇူးကို ပြန်ဆပ်ဖို့ ကြုံကြိုက်လာတဲ့ အခွင့်အခါကောင်းပါပဲ။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ လေဘေးသင့် ပြည်သူတွေအတွက် လှူဒါန်းပံ့ပိုးကူညီမှုတွေကို အရှိန်အဟုန်မပျက် ရှေ့ဆက်နိုင်ဖို့အရေးကြီးပါတယ်။ အရှိန်အဟုန်ကျသွားလို့မဖြစ်ဘူးဆိုတာ ကျွန်တော်တင်ပြခဲ့တဲ့ စားသုံးဆန်ပမာဏ တစ်ခုတည်းကိုကြည့်ရင်ပဲ တွက်ဆနိုင်ကြပါပြီ။

အလားတူ ဧရာသား ကျွန်တော့်ဆွေမျိုးများဟာလည်း ပင်မအလုပ်ဖြစ်တဲ့ လယ်ယာလုပ်ငန်း၊ ရေ လုပ်ငန်းတွေကို ပြန်လည်ရုန်းထထူထောင်လုပ်ဆောင်နေကြပါပြီ။ မကြာမီကာလမှာ မူလအခြေအနေထက် သာလွန်မြင့်မားတဲ့ ဘဝကိုယ်စီကို ပိုင်ဆိုင်နိုင်ကြလိမ့်မယ် လို့ ယုံကြည်မျှော်လင့်ထားပါတယ်။ တစ်ချိန်က ခင်ဖူးတဲ့ဆွေမျိုးတွေ၊ မြင်ဖူးတဲ့ ထမင်းဝိုင်းတွေကိုသတိရရင်း ကိုယ့်ဆွေမျိုးတွေရဲ့ အောင်မြင်တဲ့ အနာဂတ်ဘဝကို ပုံဖော်မြင်ယောင်မိပါတယ်။ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်တွေနဲ့ လဲကျရာက ရုန်းထချီတက်ရင်း ယခင်ကထက် ပိုမိုသက်ဝင် လှုပ်ရှားနိုးကြားတက်ကြွနေတဲ့ ကိုယ့်ဆွေမျိုးတွေရဲ့ စိတ်ဓာတ်အားမာန်၊ လုပ်အားအားမာန်တွေအတွက် ဂုဏ်ယူအားပေးလျက်ပါ။ သို့သော် ကာယကံရှင်တွေကိုယ်၌က အားကြိုးမာန်တက် ကြိုးစားကြသလို ကျွန်တော်တို့ နိုင်ငံတော်အပိုင်းကရော၊ ပုဂ္ဂလိကလုပ်ငန်းကြီးတွေနဲ့ ရဟန်းရှင်လူပြည်သူများအပိုင်းကပါ ဝိုင်းဝန်းပံ့ပိုးထမ်းဆောင်ပေးကြမယ်ဆိုရင်ဖြင့် "အတိုင်းထက်အလွန်၊ တံခွန်နဲ့ ကုက္ကား" ဆိုသလို ပို၍ပို၍သာ အောင်မြင်ပြီးမြောက်ဖို့ရှိပါတယ်။ ဒါကြောင့်ကျွန်တော်တို့အားလုံးအနေနဲ့ လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်ကြပါစို့လို့ တိုက်တွန်းလိုက်ချင်ပါတယ်။

နာဂစ်ကိစ္စ အရေးပေါ်ကြုံလာတော့ လေဘေးသင့်ပြည်သူတွေ အငတ်ဘေးမကြုံရအောင် နိုင်ငံတော်ပိုင်းက အရန်ဆန်တွေကိုထုတ်ယူပြီး စနစ်တကျထောက်ပံ့ပေးခဲ့။ ဘယ်လိုထောက်ပံ့ပေးသလဲဆိုတော့ မုန်တိုင်းပြီးပြီးချင်း မေလ ၄/၅ရက်လောက်ကစပြီး ကယ်ဆယ်ရေးစခန်းတွေမှာ အိုးကြီးအိုးငယ် အသွယ်သွယ်နဲ့ ချက်ပြုတ်ကျွေးမွေးခဲ့။ ဒုက္ခသည် တစ်ယောက်ကို တစ်နေ့ ဆန်နှစ်ဘူးနှုန်းနဲ့ ဖိုကြီးတွေမှာ စုပေါင်းပြီး ချက်ပြုတ်ကျွေးမွေးခဲ့။

လေဘေးသင့်ပြည်သူများအတွက် ဆန်ထောက်ပံ့မှုစာရင်းချုပ်
(၄-၅-၂၀၀၈ မှ ၁၄-၇-၂၀၀၈ အထိ)

စဉ်	လှူဒါန်း/ထောက်ပံ့သူ	ရရှိ	ထောက်ပံ့ပြီး	လက်ကျန်	မှတ်ချက်
၁	နိုင်ငံတော်အရန်ဆန်မှထောက်ပံ့မှု	၃၇၈၃၆၃ အိတ် (၁၈၉၁၈ • ၁၅တန်)	၁၂၃၆၈၆ အိတ် (၆၁၈၄ • ၃တန်)	၂၅၄၆၇၇ အိတ် (၁၂၇၃၃ • ၈၅တန်)	
၂	လုပ်ငန်းကုမ္ပဏီများနှင့်ရဟန်းရှင်လူ ပြည်သူများမှ လှူဒါန်းမှု	၂၃၃၁၆၇ အိတ် (၁၁၆၅၈ • ၃၅တန်)	၂၃၃၁၆၇ အိတ် (၁၁၆၅၈ • ၃၅တန်)	-	
၃	WFP မှ လှူဒါန်းမှု	၆၆၈၂၄ အိတ် (၃၃၄၁ • ၂တန်)	၆၆၈၂၄ အိတ် (၃၃၄၁ • ၂တန်)	-	
	စုစုပေါင်း	၆၇၈၃၅၄ အိတ် (၃၃၉၁၇ • ၇တန်)	၄၂၃၆၇၇ အိတ် (၂၁၁၈၃ • ၈၅တန်)	၂၅၄၆၇၇ အိတ် (၁၂၇၃၃ • ၈၅တန်)	

- **ထောက်ပံ့လှူဒါန်းရရှိမှု ပမာဏမှာ ရာခိုင်နှုန်းအားဖြင့် နိုင်ငံတော်အရန်ဆန်မှ ထောက်ပံ့မှု ၅၅ ဒသမ ၇ ရာခိုင်နှုန်း၊ ကုမ္ပဏီများနှင့် ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှု ၃၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် WFP မှ လှူဒါန်းမှု ၉ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်တွင်းလှူဒါန်းထောက်ပံ့မှုသည်ပင် စုစုပေါင်းပမာဏ၏ ၉၀ ရာခိုင်နှုန်းရှိပါသည်။**
- **လက်ကျန် နိုင်ငံတော်အရန်ဆန် ၂၅၄၆၇၇ အိတ် (၁၂၇၃၃ ဒသမ ၈၅) တန်မှ လေဘေးသင့်ပြည်သူများအတွက် သတ်မှတ်နှုန်းထားများအတိုင်း ဆက်လက်ထောက်ပံ့လျက်ရှိသည့်အပြင် ရှေ့ဆက်၍လည်း အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးသွားဦးမည်ဖြစ်ပါသည်။**
- **ဤင်းလက်ကျန်ဆန်အပြင် ထပ်မံလှူဒါန်းမှုအပိုင်းမှထောက်ပံ့ရန် လိုအပ်ချက်မပြည့်မီပါကလည်း နိုင်ငံတော်အရန်ဆန်မှပင် ဆက်လက်စိုက်ထုတ် ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။**

သီလခံယူ ဆောက်တည်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမှူးပြုသော ပရိသတ်များ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ဒုတိယ အကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်း မိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက်ရှိ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အဆိုပါ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ရွှေအင်းရိပ်သာ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဇနီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေ မန်နေဂျာများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ရွှေအင်းရိပ်သာ ပရိယတ္တိ စာသင်တိုက် လက်ထောက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိထံမှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေ မန်နေဂျာများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံမှ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမှူးပြုသော ပရိသတ်များက သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မြတ်ဗုဒ္ဓ၏ အဆုံးအမ(၃)မျိုး"တရားတော် ပြည်တွင်း၊ ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ
၇း၅၅ - ၁း၅၅	Land of Flowers
၈း၄၀ - ၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅ - ၂း၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ပါမောက္ခ ဒေါက်တာဦးရဲမြင့်နှင့်တွေ့ဆုံခြင်း)
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲ (Mr. Crusher &Ms. Quench 2008)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	အစဉ်အလေးထားပေး ကျောင်းကျန်းမာရေး
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	"စပါး"သုတေသနပြုလုပ်နေမှုများ
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	ရေမြင့်....ကြာတင့် ခန့်စည်သူ၊ ဧရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁း၅၅ - ၅း၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ (အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးဝင်းဦး)
၁၂း၂၀ - ၆း၂၀	VJ Choice
၁၂း၄၀ - ၆း၄၀	သတ္တုတူးသောရွာကလေး
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရွှေကျင်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၀

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဓမ္မာရုံပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရွှေကျင်မြို့နယ်အသင်း ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေကျင်မြို့နယ်ဓမ္မာရုံ ပြန်လည်ပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် (ငြိမ်း)နှင့် ဇနီး ဒေါ်ခင်လှတင်တို့က ငွေကျပ်သိန်း ၄၀၊ ရတနာ့မေတ္တာအဖွဲ့မှ ငွေကျပ် ၂၅ သိန်းနှင့် အသင်းအလုပ် အမှုဆောင်များနှင့် အသင်းသူ၊ အသင်းသားများက ငွေကျပ် ၁၅ သိန်းကို ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)က လေဘေးသင့်သူများအတွက် အလှူငွေကျပ်ငါးသိန်းကို လေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရတနာ့မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေထံ အသင်းအမှုဆောင် ဒေါ်ခင်လေးက ပေးအပ်လှူဒါန်းခဲ့သည်။ **(ဃာပုံ)** (က-ပ)

ရောဝတီမြစ်နှင့် စစ်တောင်းမြစ်ရေ အခြေအနေ

ရန်ကုန် ဇူလိုင် ၂၀

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အထက် ၂၄ စင်တီမီတာ (၀ ဒသမ ၈ ပေ)ခန့် ကျော်လွန်နေသော်လည်း အဆိုပါမြစ်ရေသည် တစ်နာရီလျှင် ၀ ဒသမ ၅ စင်တီမီတာနှုန်းဖြင့် ကျဆင်းနေပြီး နောက်နှစ်ရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ၆ စင်တီမီတာ (၀ ဒသမ ၂ပေ)ခန့် ကျော်လွန်နေသော်လည်း နောက်နှစ်ရက်အတွင်း မဒေါက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဇူလိုင် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ညောင်လေးပင်မြို့တွင် ၄ ဒသမ ၇၂ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၁၂ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)၊ ထားဝယ်မြို့နှင့် ဖလမ်းမြို့တို့တွင် ၁ ဒသမ ၈၉ လက်မစီ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၁၉ လက်မ၊ ရန်ကုန်(မြို့လယ်)နှင့် ခရမ်းမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီတို့ ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

ဇူလိုင် ၂၁ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၁၉-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) ၂၀-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၂၀-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ ဒသမ ၆နာရီခန့် ၁၉-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၂၀-၇-၂၀၀၈	၄၈ မမ (၁.၈၉ လက်မ)	၁၅ မမ (၀.၅၉ လက်မ)	၂၉ မမ (၁.၁၄ လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၃၆၇ မမ (၅၃.၈၂လက်မ)	၁၅၆၁ မမ (၆၁.၄၆လက်မ)	၁၉၁၃ မမ (၇၅.၃၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၇-၂၀၀၈ ရက် ၀၀း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

လက်ဘနွန်တောင်ပိုင်း ဆီဒုံမြို့စွန်ရှိ ပါလက်စတိုင်း ဒုက္ခသည်စခန်းအဝင်ရှိ စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးစောင့်ကြပ်နေသော လက်ဘနွန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်သင်္ဘော အခြေစိုက်ချထားခြင်းကို ဂျပန်ပြည်သူများကန့်ကွက်

တိုကျို ဇူလိုင် ၂၀

ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ အမေရိကန်ရေတပ် အခြေစိုက်စခန်းနှင့် ပတ်သက်၍ ဇူလိုင် ၁၉ရက်က လူ ၁၀၀၀၀ကျော် ချီတက်ဆန္ဒပြမှုဖြစ်ပွားခဲ့ကြောင်း၊ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် အဏုမြူစွမ်းအင်သုံး စစ်သင်္ဘောများတပ်ဖြန့်ချထားမှု ရပ်ဆိုင်းရန် ဂျပန်အစိုးရအား တောင်းဆိုခဲ့ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

တိုကျိုမြို့ အနောက်တောင်ဘက်မှ ၄၅ကီလိုမီတာအကွာရှိ ယိုကိုဆူကာမြို့တွင် ယူအက်စ်အက်စ် ဂျော့ဝါရှင်တန် လေယဉ်တင်သင်္ဘောအခြေစိုက်မှုအပေါ် ဒေသခံများနှင့် လှုပ်ရှားသူများက ကန့်ကွက်ခဲ့ကြသည်။

မေလအတွင်းက အဆိုပါသင်္ဘောပေါ်တွင်မီးလောင်မှုဖြစ်ပွားပြီးနောက် ဒေသခံတို့သည်စိုးရိမ်စိတ်များကြီးထွားလာခဲ့သည်။ ဩဂုတ်လတွင် ယိုကိုဆူကာမြို့၌ယင်းလေယာဉ်တင်သင်္ဘောကို အခြေစိုက်ချထားရန် မူလက စီစဉ်ခဲ့သော်လည်း သင်္ဘောပေါ်တွင် မီးလောင်မှု ဖြစ်ပွားခြင်းကြောင့် နှောင့်နှေး ကြန့်ကြာခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် သင်္ဘောသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်သတင်းဌာနများက ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်အပြီး၌ အဏုမြူဗုံးဒဏ်ခံရသည့် ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ် အဏုမြူစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများ အခြေစိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် ဂျပန် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု အောက်တွင် ဂျပန်နိုင်ငံအခြေစိုက်စခန်း၌ အမေရိကန်တပ်ဖွဲ့ ၅၀၀၀၀ နီးပါးရှိသည်။

အငှားယာဉ်မောင်း တစ်ဦးကို လုယက်သတ်ဖြတ်မှုကြောင့်ဧပြီလက အမေရိကန် သင်္ဘောသားတစ်ဦးအား ဖမ်းဆီးခဲ့ပြီးနောက် ယိုကိုဆူကာမြို့တွင် ယခုနှစ်စောစောပိုင်းက အမေရိကန်တပ်ဖွဲ့များ အခြေစိုက်မှုအပေါ် ဒေသခံများက မကျေမနပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်နျူကလီးယားစက်ရုံတွင် ယူရေနီယံယိုစိမ့်မှုတွေ့ရှိ

ပါရီ ဇူလိုင် ၁၉

ပြင်သစ်နျူကလီးယားကုမ္ပဏီ အေရီဗာ၏ နိုင်ငံအရှေ့တောင်ပိုင်းရှိ စက်ရုံတစ်ရုံတွင် ယူရေနီယံများ ယိုစိမ့်နေသည်ကိုတွေ့ရှိခဲ့ကြောင်း ပြင်သစ် အန္တရာယ်ကင်းစင်ရေး အာဏာပိုင်က သောကြာနေ့တွင် ပြောကြားသည်။

၎င်းအာဏာပိုင်အဖွဲ့က အဆိုပါစက်ရုံ အခြေအနေကို စစ်ဆေးရန်အတွက် ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်းပြောကြားသည်။ သို့သော် ကြာသပတေးနေ့က ထုတ်ဖော်ပြောကြားရာ၌ ယူရေနီယံယိုစိမ့်မှု ပမာဏကို ထည့်သွင်းပြောကြားခြင်းမပြုပေ။ အေရီဗာသည် နိုင်ငံတော်ပိုင် ကုမ္ပဏီဖြစ်ပြီး နျူကလီးယားအဏုမြူဓာတ် ပေါင်းဖို တည်ဆောက်ခြင်းနှင့် ယူရေနီယံနှင့်ဆိုင်သော လုပ်ငန်းများကို လုပ်ကိုင်သည်။ ၎င်းက အဆိုပါစက်ရုံ၏ ယူရေနီယံယိုစိမ့်မှုကို ထိန်းချုပ်ထားလိုက်ပြီး ပတ်ဝန်းကျင်ကို အန္တရာယ် မပေးနိုင်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နေရင်းဒေသကို မူတည်၍ ကင်ဆာဆဲလ်အသက်ရှင်ရပ်တည်မှု ကွဲပြားကြောင်း လေ့လာတွေ့ရှိ

လန်ဒန် ဇူလိုင် ၁၉

လူတို့၏ နေထိုင်သော နေရာဒေသကိုလိုက်၍ ကင်ဆာဆဲလ်များမှာ အမျိုးမျိုး ကွဲပြားခြားနားစွာ အသက်ရှင်လျက် ရှိကြောင်းနှင့် အမေရိကန်နိုင်ငံတွင် နေထိုင်သောသူများတွင် ကင်ဆာဆဲလ်များကို အဖြူရောင်နှင့်အမည်းရောင်များအဖြစ် ခြားနားစွာ တွေ့ရှိရကြောင်း ထပ်မံလေ့လာ ရှာဖွေတွေ့ရှိခဲ့သည်။

ရှာဖွေ

နိုင်ငံများအကြား စီးပွားရေး အခြေအနေများ ကွဲပြားခြားနားမှုသည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကင်ဆာဆဲလ်များ အသက်ရှင်နိုင်သည့် အခွင့်အရေးများတွင် ကွဲပြားခြားနားကြောင်း ရှာဖွေတွေ့ရှိခဲ့သည်ဟု သတင်းများတွင် ရေးသားဖော်ပြသည်။

ပြောကြား

ကမ္ဘာပေါ်တွင် ကင်ဆာဆဲလ်များ အသက်ရှင်ရပ်တည်နိုင်မှုမှာ အလွန်ကျယ်ပြန့်စွာ တွေ့ရှိရကြောင်းနှင့် အချို့သောသူများသည် ၎င်းတို့၏ နေထိုင်ရာဒေသများနှင့် ကင်ဆာဆဲလ်များ ရပ်တည်မှုကို ဆက်စပ်မှုရှိနေကြောင်းကို သဘောပေါက်နားလည်နိုင်ခြင်း မရှိသေးကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ အပူပိုင်းဒေသ ကျန်းမာရေး ပြဿနာများ ဖြေရှင်းရေး ဆေးသိပ္ပံကျောင်းမှ ကပ်ရောဂါဗေဒ ပါရဂူဖြစ်သည့် ရောဂါရှာဖွေရေး ခေါင်းဆောင် မိုက်ကယ်ကိုလီမန်က ပြောကြားသည်။ အမေရိကန်နိုင်ငံတွင် ကင်ဆာဆဲလ်အဖြူနှင့် အမည်းများ ခြားနားစွာ ရပ်တည်နေကြကြောင်း၊ အဆိုပါ လေ့လာမှုအရ အတည်ပြုပြောကြားနိုင်ကြောင်း ၎င်းက ဆိုသည်။

အမေရိကန်နိုင်ငံတွင်း ကွဲပြားခြားနားသည့် မြို့တော်ဧရိယာများကို လိုက်၍ ကင်ဆာဆဲလ်ရပ်တည်မှုမှာလည်း ကွဲပြားသွားကြောင်းနှင့် နေရာဒေသကိုလိုက်၍ ကျန်းမာရေးစောင့်ရှောက်မှုများအပေါ် မူတည်ကာ ထိုကဲ့သို့ ကင်ဆာဆဲလ်ရပ်တည်မှု ကွဲပြားရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ လေ့လာတွေ့ရှိမှုသည် မည်သည့်နိုင်ငံတွင်မဆို နေရာအနှံ့အပြား၌ ရောဂါကင်းစင်စေရန် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်မည့် ဆရာဝန်များ၏ စွမ်းဆောင်မှုပင်ဖြစ်ကြောင်း ကိုလီမန်က ပြောကြားသည်။

ကြေညာ

အဆိုပါ လေ့လာတွေ့ရှိမှု သတင်းကို ဇူလိုင် ၁၇ ရက်က ကင်ဆာရောဂါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာရေးဌာန၏ အွန်လိုင်းပေါ်တွင် ဖော်ပြကြေညာထားခဲ့သည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ ပေကျင်းမြို့တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ မြေအောက်ရထားဘူတာ၌ အသစ်ပြေးဆွဲသော လေဆိပ်အထူးရထား တစ်စင်းကို ဇူလိုင် ၁၉ ရက်က တွေ့ရ စဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ဖူကျန်ပြည်နယ်သို့ အပူပိုင်းမုန်တိုင်း ဝင်ရောက်

ဖူဇော့ ဇူလိုင် ၁၉

ကယ်မက်ဂီ မုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းဒေသ ဖူကျန်ပြည်နယ်သို့ သောကြာနေ့ညနေတွင် ဝင်ရောက်သွားကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။

မုန်တိုင်းသည် တစ်နာရီလျှင် ၉၀ ကီလိုမီတာနှုန်းဖြင့် ဓိပူခရိုင်၊ ချောင်ချန်းမြို့နယ်ကို ဒေသစံတော်ချိန် ၁၈ နာရီ ၁၀ မိနစ်တွင် တိုက်ခတ်သွားကြောင်း အဆိုပါဌာနက ပြောကြားသည်။ ဇီကျန်၊ ကျန်စီ ပြည်နယ်နှင့် ရှန်ဟိုင်းတို့တွင်လည်း မိုးသက်မုန်တိုင်းကျမည့်အကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ နီတာရီ တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်ဆေးကု ဆရာဝန်က ပင်ဂွင်း ငှက်တစ်ကောင်အား ဆေးကုသပေးနေသည်ကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။

[ရီယိုဒီဂျနေရိုးမြို့ရှိ ကမ်းခြေများသို့ နှစ်စဉ် ပင်ဂွင်းငှက်အများအပြား ပြောင်းရွှေ့ကျက်စားလေ့ရှိရာ လွန်ခဲ့သည့် နှစ်လကျော်က ပင်ဂွင်းငှက်ငယ် ၄၀၀ ကျော် သေဆုံးမှု ဖြစ်ပွားခဲ့သည်]

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ပိတ်ဆို့မှုကြောင့် အီရန်ရေနံလုပ်ငန်းကို မထိခိုက်

ဝါရှင်တန် ဇူလိုင် ၁၉

အငြင်းပွားဖွယ် နျူကလီးယား အစီအစဉ်နှင့် အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များအား ဆန့်ကျင်နေသော လက်နက်ကိုင်များကို ထောက်ပံ့နေသည်ဟူသော စွပ်စွဲချက်တို့ကြောင့် အီရန်နိုင်ငံအား ကာလရှည်စွာ အရေးယူပိတ်ဆို့ထားသော အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံ၏ ရေနံထုတ်လုပ်မှုကို အကြီးအကျယ် ထိခိုက်စေရန် မစွမ်းဆောင်နိုင်ကြောင်း "ဝေါစထရိဂျာနယ်"က သောကြာနေ့တွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက အရေးယူမှုကို တစ်ဖက်သတ် တိုးမြှင့်သကဲ့သို့ ၂၀၀၆ခုနှစ်ကတည်းက အရေးယူထားသော နည်းလမ်းများကို ကုလသမဂ္ဂက ယမန်နှစ်တွင် ထပ်မံတင်းကြပ်ခဲ့သည်။

ထိုသို့ အရေးယူမှုများကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို အတော်အတန် ထိခိုက်စေခဲ့သည်။ အီရန်ကမ်းလွန် အင်ဂျင်နီယာရင်းနှင့် ဆောက်လုပ်ရေး ကုမ္ပဏီသည် စရိတ်ငွေ ၃၀ ရာခိုင်နှုန်း ပိုမိုကုန်ကျခဲ့ရကြောင်း "ဝေါစထရိဂျာနယ်"က ကုမ္ပဏီအကြံပေးအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

သို့သော်လည်း ရေနံဈေးနှုန်း မြင့်တက်လာခြင်းက အီရန်နိုင်ငံအား အထောက်အကူ ဖြစ်စေခဲ့သည်။ ယခုနှစ်အတွင်း ပထမခြောက်လ၌ ရေနံပို့ကုန်မှ အခွန်ကောက်ခံရငွေသည် အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံခန့် ရှိနေပြီဖြစ်သည်။ ၂၀၀၇ ခုနှစ် တစ်နှစ်လုံးတွင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၇ ဘီလီယံသာ ရရှိခဲ့ကြောင်း အမေရိကန်စွမ်းအင် ပြန်ကြားရေးမှ ပြောကြားချက်ကို "ဝေါစထရိဂျာနယ်"က ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆူနာမီအကူအညီများအား အလွဲသုံးစားလုပ်သူ ဂျကာတာမြို့ မြောက်ပိုင်း၌ ဖမ်းဆီး

ဂျကာတာ ဇူလိုင် ၁၉

အင်ဒိုနီးရှားနိုင်ငံအကျင့်ပျက်ပပျောက်ရေးအဖွဲ့(ကေပီကေ)က ၂၀၀၆ ခုနှစ်တွင်အနောက်ဂျာဗား၌ဆူနာမီဘဏ္ဍာရေး အကူအညီများကို အလွဲသုံးစားလုပ်ခဲ့သည်ဟု သံသယရှိသူတစ်ဦးကို သောကြာနေ့က ဖမ်းဆီးလိုက်ကြောင်း အဆိုပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဂျိုဟန်ဘူဒီက ပြောကြားသည်။

ဆူနာမီကြောင့် ပင်လယ်ကမ်းခြေဒေသများတွင် ငါးဖမ်းလှေ ရာပေါင်းများစွာပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ငါးဖမ်းလုပ်ငန်းတွင် အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။

ထိုကပ်ဘေးကြီးကျရောက်ပြီးနောက် နိုင်ငံတကာကဒုက္ခသည်များကို အကူအညီများ ပေးကမ်းခဲ့သည်။

အဆိုပါထောက်ပံ့ငွေများကိုဒေးဗစ်ကေဝီရာနာတာက အလွဲသုံးစားလုပ်ခဲ့သည်ဟုသံသယရှိသဖြင့်၎င်းအားတရားစွဲထားသည်။ ၎င်း၏ လုပ်ရပ်ကြောင့်နိုင်ငံတော်တွင် အင်ဒိုနီးရှားငွေရူပီယား ၇ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၀၂၀၀၀) ဆုံးရှုံးကြောင်း ဘူဒီက ပြောကြားသည်။

ဝီရာနာတာအား ဂျကာတာမြောက်ပိုင်းရှိ ၎င်း၏အိမ်တွင် သောကြာနေ့နံနက်ပိုင်း၌ ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းသည် အနောက်ဂျာဗားပြည်နယ်တွင် တံငါသည်များအား ငါးဖမ်းလှေများထောက်ပံ့ပေးသော ဌာနနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်ကြောင်း ဘူဒီက ဆက်လက် ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်စစ်စခန်း နေရာပြောင်းရွှေ့ရေး အိုကီနာဝါသားတို့လက်မခံ

တိုကျို ဇူလိုင် ၁၉

ဂျပန်နိုင်ငံ အစိုးရက ရေးဆွဲထားသော အမေရိကန်စစ်စခန်း ပြန်လည်နေရာချထားရန်အစီအစဉ်အား မလိုက်နာရေး ဆုံးဖြတ်ချက်ကို နိုင်ငံတောင်ပိုင်း အိုကီနာဝါမှ လွှတ်တော်အမတ်များက သောကြာနေ့တွင်အတည်ပြုလိုက်သည်။

ဂျပန်အစိုးရသည် လူဦးရေထူထပ်သော ဂီနိုဝမ်မြို့မှအမေရိကန် မရိမ်းလေတပ်စခန်းကို ပင်လယ်ကမ်းခြေမြို့ နာဂိုသို့ ပြောင်းရွှေ့ရေးအစီအစဉ်အား အိုကီနာဝါကျွန်းသူ၊ ကျွန်းသားများကို သဘောတူလာစေရန်ကြိုးစားစည်းရုံးလျက်ရှိသည်။

သို့သော်လည်း အိုကီနာဝါသားတို့သည်အမေရိကန်စစ်စခန်းများကြောင့် ဆူညံခြင်းနှင့် ရာဇဝတ်မှုများဖြစ်ပွားခြင်းတို့ကြောင့် အဆိုပါ အစီအစဉ်ကို ဆန့်ကျင်ကြပြီး မကျေမချမ်းဖြစ်နေကြသည်။အိုကီနာဝါကျွန်းပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်၅၀၀၀၀ တပ်စွဲထားသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုရီးယား သမ္မတနိုင်ငံ ကွမ်ကျူးရှိ နှင်းဖုံးနေသည့် ရှေးဟောင်း အဆောက်အအုံ တစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကိုရီးယားရီဗျူး)

ကွန်ပျူတာများတွင် အသုံးပြုနေသော မောက်စ်များ ခေတ်ကုန်တော့မည်

ဆီလီကွန် ဗယ်လီ ဇူလိုင် ၁၉

နှစ်၄၀နီးပါးကြာ အသုံးပြုလျက်ရှိသော ကွန်ပျူတာမောက်စ်များ သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ကြောင်း သုတေသနလေ့လာရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

ကွန်ပျူတာ မောက်စ်များသည် နောက်လာမည့် ၃နှစ်မှ၅ နှစ်အတွင်းတွင် သက်တမ်း ကုန်ဆုံးတော့မည်ဟု ဂါတနာ လေ့လာရေးအဖွဲ့ကဆန်းစစ်လေ့လာ ခန့်မှန်းကြသည်။ ကွန်ပျူတာ မောက်စ်နေရာ၌ အစားဝင်ရောက်လာမည့်စနစ်မှာကွန်ပျူတာဖွင့်လိုက်သည့်အခါ ဖန်သားပြင်ကို ထိလိုက်သည်နှင့် မှတ်မိသည့်စနစ်၊ မျက်နှာမြင်သည်နှင့် ဖန်သားပြင်က မှတ်မိနိုင်သည့်စနစ်မျိုး အစားထိုးဝင်ရောက်လာမည်ဟုဆိုသည်။

ကွန်ပျူတာမောက်စ်များသည်ဒက်စတော့နှင့်အလုပ်လုပ်သည့်အခါလွယ်ကူကောင်းမွန်သော်လည်း အိမ်တွင်းဖျော်ဖြေရေးနှင့် မှတ်စုကွန်ပျူတာများနှင့်တွဲ၍ အသုံးပြုရာတွင် အဆင်မပြေကြောင်း တွေ့ရသည်ဟု စိစစ်လေ့လာသူ စတီဗ်ပရန်တစ်က ပြောကြားသည်။အီလက်ထရွန်နစ်ပစ္စည်းများကို အသုံးပြုသည့် လုပ်ငန်းများ၏ တီထွင်ကြံဆမှုကြောင့် ကွန်ပျူတာမောက်စ်သက်တမ်း ကုန်ဆုံးတော့မည်ဟု ခန့်မှန်းချက်တွင် ပေါ်လာရခြင်းဖြစ်သည်။ ထို့ပြင် ဂိမ်းကစားခြင်းကို အတုယူပြီး အပြန်အလှန် ကြည့်ရုံဖြင့် မှတ်မိပြီးအလုပ်လုပ်နိုင်သော ကွန်ပျူတာများကို ထုတ်လုပ်မည်ဟု ၎င်းက ပြောကြားသည်။

လက်ဖြင့် ထိရုံ၊ မြင်ရုံဖြင့်မှတ်မိပြီး အလုပ်လုပ်မည့်စနစ်သည် အဝေးထိန်း ခလုတ် (ရီမုတ်ကွန်ထရိုး)ကို အသုံးပြုသည့် နေရာ၌ အစားထိုးဝင်ရောက်လာမည်ဖြစ်ကြောင်း၎င်းက ထပ်မံပြောကြားသည်။

အင်တာနက်။

ရုရှားနိုင်ငံဗလာဒီဗော့စတော့ခ်ဒေသရှိပြန်လည်ထူထောင်ရေးဌာနတွင် တရုတ်နိုင်ငံငလျင်ဒဏ် ခံရသည့်ပြည်နယ်များမှကလေးများနှင့် ရုရှားကျောင်းသားများကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၉ ဦးသေဆုံး ခြောက်ဦးပျောက်ဆုံး

ဟောင်ကောင် ဇူလိုင် ၁၉

တရုတ်(တိုင်ပေ) မြောက်ပိုင်း၌ မုန်တိုင်း တိုက်ခတ်မှုကြောင့် ဇူလိုင် ၁၉ ရက်အထိ သေဆုံးသူ ၁၉ဦးထိ ရှိလာကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

၎င်းမုန်တိုင်းသည် တစ်နာရီလျှင်မိုင် ၇၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ကာ သေကျေဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ခြောက်ဦးပျောက်ဆုံးပြီး နေအိမ်များလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အင်တာနက်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ကယ်မက်ဂီမုန်တိုင်း တိုက်ခတ်မှုကြောင့်မိုးသည်းထန်စွာရွာသွန်းကာ မာလာဘိုမြို့ လမ်းများပေါ်၌ ရေလွှမ်းမိုးနေသည်ကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျလူမျိုး ရုပ်မြင်သံကြားသတင်းထောက်တစ်ဦး စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးဝါးများဖြင့် လက်ပူးလက်ကြပ်ဖမ်းမိ

စင်ကာပူ ဇူလိုင် ၁၉

စင်ကာပူနိုင်ငံတွင် ဩစတြေးလျလူမျိုး ရုပ်မြင်သံကြားသတင်းထောက်တစ်ဦးအား မူးယစ်ဆေးဝါးများလက်ဝယ်ထားရှိမှုကြောင့်ထောင်ဒဏ်အနှစ်၂၀နှင့်ကြိမ်ဒဏ်၁၅ချက်ကျခံစေရန်ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟု ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံမူးယစ်ဗဟိုဌာနအနေဖြင့်၎င်းအား ဗုဒ္ဓဟူးနေ့က ဖမ်းဆီးခဲ့ကြောင်းပြောကြားခဲ့သော်လည်းအဆိုပါပုဂ္ဂိုလ်နှင့် ပတ်သက်၍မူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဩစတြေးလျနိုင်ငံပိုင် အသံလွှင့်ဌာန၏ ရုပ်မြင်သံကြား နက်ဝက်ခ်တွင်မူအဆိုပါပုဂ္ဂိုလ်သည် ၎င်းတို့၏ နယူးဒေလီတွင် အခြေစိုက်ထားသော တောင်အာရှ ဆက်သွယ်ရေးဌာနမှ ဝန်ထမ်းဖြစ်သူ ပီတာလွိုက်ဆိုသူဖြစ်ကြောင်း ဖော်ပြထားသည်။

၎င်းအား အလေးချိန်အနည်းဆုံး ၀ဒသမ ၀၃အောင်စရှိသည့် မက်သာဖက်တမင်းများကိုဆေးလိပ်နှင့်ဆေးထိုးပြွန်ခြောက်ခုအတွင်း ထည့်သွင်းထားသည့် အထုပ်ငယ်တစ်ထုပ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်ဗဟိုဌာနမှတာဝန်ရှိများကသတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

အသက် ၄၁နှစ်အရွယ်ရှိ လွိုက်သည်လာမည့်သောကြာနေ့တွင်ရုံးတင်စစ်ဆေးခံရဖွယ်ရှိသည်။

စင်ကာပူနိုင်ငံတွင် မည်သူမဆို အလေးချိန် ၀ ဒသမ ၅ အောင်စထက်ပိုသော ဘိန်းဖြူကိုလည်းကောင်း၊ အလေးချိန် ၁၇ ဒသမ ၆ အောင်စထက်ပိုသော ဆေးခြောက်ကိုလည်းကောင်း သုံးစွဲခြင်းနှင့် လက်ဝယ်ရှိခြင်းတို့ကို ကျူးလွန်ပါက သေဒဏ်စီရင်ခံရမည် ဖြစ်ကြောင်း တင်းကြပ်စွာ အပြစ်ပေးရန် အမိန့်ထုတ်ပြန်ထားသည်။

၎င်းဥပဒေသည် မူးယစ်ဆေးဝါးဖြင့်ပေါင်းစပ်ပြုလုပ်ထားသည့်ပစ္စည်းများပေါ်တွင်မူ အကျိုးသက်ရောက်မှုမရှိဟု ဖော်ပြထားသည်။

လွိုက်အား စင်ကာပူမှ ထွက်ခွာခွင့်ပြုခဲ့ပြီးဖြစ်သည်ဟု အေဘီစီသတင်းဌာနမှညွှန်ကြားရေးမှူး ဂျွန်ကာမာရွှန်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

များမကြာမီက စင်ကာပူနိုင်ငံသားတစ်ဦးအား မက်သာဖက်တမင်း မူးယစ်ဆေးဝါးများလက်ဝယ်ထားရှိမှုဖြင့် စွဲချက်တင်ခဲ့ပြီး နောက်ရှာဖွေမှုများတိုးမြှင့်ဆောင်ရွက်နေစဉ်အတွင်း လွိုက်အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိခဲ့သူ စင်ကာပူအမျိုးသားနှင့်လွိုက်တို့သည် ဆက်စပ်မှုရှိကြောင်း စုံစမ်းစစ်ဆေးမှုများတွင် ရှင်းလင်းဖော်ပြထားသည်။

အင်တာနက်။

ဂျော်ဒန်နိုင်ငံတွင် ဘတ်စ်ကားတစ်စီး တိုက်ခိုက်ခံရ ခြောက်ဦး ဒဏ်ရာရရှိ

အမ္မန် ဇူလိုင် ၁၉

ဂျော်ဒန်နိုင်ငံ မြို့တော် အမ္မန်တွင်ခရီးသည်တင် ဘတ်စ်ကားတစ်စီးအား သေနတ်ကိုင် လူဆိုးတစ်ဦးမှ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ခရီးသည် ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူများတွင် တီးဝိုင်းအဖွဲ့ဝင် လက်ဘနွန်လူမျိုး လေးဦး၊ ပါလက်စတိုင်း အမျိုးသမီးတစ်ဦးနှင့် ယာဉ်မောင်းဖြစ်သူတို့ပါဝင်သည်။၎င်းတို့၏ အခြေအနေမှာစိုးရိမ်စရာ မရှိသော်လည်း အချိန်ယူ၍ ဆေးကုသရန် လိုအပ်ကြောင်း သိရှိရသည်။

သေနတ်သမားမှာရဲများက၎င်းအားဖမ်းဆီးရန်ကြိုးစားစဉ် ကိုယ်ကိုယ်ကိုယ် သတ်သေသွားခဲ့သည်။ ၎င်းသည်အသက်၁၈နှစ်ရှိ ပါလက်စတိုင်းလူမျိုး သီအာအက်ဒူလ်ကေဒါအယ်လ်-ဝေဒီဆိုသူဖြစ်ပြီး ရာဇဝတ်မှုမှတ်တမ်းများတွင် မပါဝင်သော်လည်း အသေးအဖွဲခိုးမှု နှစ်မှု ကျူးလွန်ခဲ့ဖူးသူဖြစ်သည်ဟု ယူဆရသည်။

အင်တာနက်။

ဝါတွင်းကာလ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၁၆) ရပ်ကွက် မြို့ဦးစေတီဘုတာရုံ ဓမ္မရိပ်သာကျောင်းတိုက်၌ မဂ္ဂင်ရိပ်သာကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိသည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဝါဆိုလပြည့်ကျော် ၁၁ ရက်တနင်္လာနေ့မှ ဝါဆိုလကွယ်နေ့အထိ (ဇူလိုင် ၂၈ရက်မှ ဩဂုတ်၁ရက်)အထိတရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသည့် ယောဂီများ ဖုန်း- ၀၉၅၀၃၆၇၁၄နှင့် ၀၉၅၃၆၇၁၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

GOLDEN GATE
EDUCATION CENTER

1. Communicative English for Seafarers.
(သင်္ဘောသားများအတွက် အထူး အင်္ဂလိပ်စကားပြောသင်တန်း၊ GEK, GSK နှင့် Basic Seamanship အပါအဝင်။) (ဩဂုတ်လဆန်း စမည်။)
2. English Preparatory Course for Foreign Going.
(နိုင်ငံခြားသွားမည့်သူများ မဖြစ်မနေ သိရှိဖြင်ဆင်ရမည့် အချက်များ နှင့် စကားပြော။ နိုင်ငံများစွာ သွားရောက်ခဲ့သော အတွေ့အကြုံရှိဆရာများကိုယ်တိုင်သင်ကြားမည်။) (ဩဂုတ်လဆန်း စမည်။)
3. - Grammar and Basic English Speaking
- Pre intermediate , Intermediate English (4 Skills)
- Grammar for kids only (Age 7-12)
4. UK, New Zealand, Canada, Australia, Singapore နိုင်ငံများသို့ သွားရောက်ပညာသင်ကြားနိုင်ရေး ဆွေးနွေး စီစဉ်ပေးသည်။
5. TOEFL , IELTS FOUNDATION COURSE.
6. DSA, DSMA, DSTA ဝင်ခွင့်သင်တန်းများ (၃၀-၇-၂၀၀၈) စမည်
(စစ်တက္ကသိုလ် ကျောင်းဆင်းပွဲတွင် ထူးချွန်ဆုများ ရရှိခဲ့သည့် ဗိုလ်မှူး (ငြိမ်း) များ ကိုယ်တိုင် ရာနှုန်းပြည့် ယုံကြည်စိတ်ချမှုရရှိသည်ထိ လေ့ကျင့်သင်ကြားပေးမည်။)
7. ကိုရီးယားနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် လုပ်သားများအတွက် အလုပ်ရရှိရန် လုပ်ငန်းလမ်းညွှန် နှင့် ဘာသာစကားသင်တန်း (အခြေခံ + ပေးခွန်း ၂၀၀၀)

တိုက်(A) အခန်း(၁၀၄) မြေညီထပ်၊ ရွှေဂုံတိုင်ဗဟာဓါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-506 9745, 09-506 9795, 09-505 1367, 01-577526.

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
တင်ဒါအမှတ် - ၅/၂၀၀၈-၂၀၀၉

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရန်ကုန်ရုံး (အမှတ် - ၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများနှင့် ပစ္စည်းဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ် ပစ္စည်းစာရင်းပုံစံများကို ရန်ကုန်ရုံး ငွေစာရင်းဌာနတွင် ဝယ်ယူနိုင်ပါသည်။
တင်ဒါပိတ်ရက်မှာ (၂၅-၈-၂၀၀၈) (သောကြာနေ့) ၄း၀၀ နာရီတိတိ

ဥတုရာသီ တောက်ပမှု၏

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းယားမြိုင်လမ်း၊ အမှတ် (၁၀) နေ
Dr.စိုးသန်း-ဒေါ်ဝေဝေသန်းတို့၏သားကြီး
မောင်ပြည့်စုံမောင်
B.S. (Computer Engineering), University of Illinois,
M.S.(System Engineering), George Washington University,
Senior Software Engineer, SAIC Inc., USA
နှင့်
ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ အမှတ် (၂၂၄) နေ
Dr.လှထွန်း-ဒေါ်သန်းသန်းဌေးတို့၏သမီး
မသက်ရည်ထွန်း
A.A.S.(Dental Hygiene),NYC College of Technology,
B.S.(Biology), George Mason University,
Registered Dental Hygienist , Walter Reed Hospital, USA
တို့သည် ၁၉-၇-၂၀၀၈ (စနေနေ့)တွင် နှစ်ဖက်သော လူကြီးမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ပြည့်စုံမောင်-မသက်ရည်ထွန်း

(၂၄)နှစ်မြောက်
မွေးနေ့မင်္ဂလာဆုတောင်း

ဖေဖေ ဦးသန်းမြင့် (သတင်းစာ+အလဲဗင်းဂျာနယ်ဖြန့်ချိရေး - ၄၆-လမ်း)နှင့် မေမေ ဒေါ်အေးမြင့်(သုံးခွ-မမိုးရီ) အ. ထ. က(၂) သာကေတတို့၏ တစ်ဦးတည်းသောသားလေး **မောင်ထိုက်အောင် (B.E.Mech - ခေတ္တ-စင်ကာပူ)**၏ ၂၁-၇-၂၀၀၈တွင်ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝများကို လျှောက်လှမ်းနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဖေဖေဦးသန်းမြင့်-မေမေဒေါ်အေးမြင့်

ကောင်းသန့်စိုပြေသည့် လူငယ်အကျိုးပြု သုတရသမဂ္ဂဇင်း
YOUTH
လူငယ်နှင့် အောင်မြင်ကြီးပွားရေး၊ အတွေးအခေါ်၊ စိတ်ပညာ၊
လူငယ်နှင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ လူငယ်နှင့် အချစ်
လူငယ်နှင့် ဘာသာရေး၊ သုတ၊ ရသ၊ အထွေထွေ
လူငယ်နှင့် အားကစား၊ ရုပ်ရှင်မြူး၊ လက္ခဏာဗေဒင်
စသည့် ကဏ္ဍစုံစုံလင်လင်ဖြင့် . . .
အတွဲ(၁) အမှတ်(၈) ဩဂုတ်လထုတ်
အသေးငယ်ဆုံး၊ အပေါ့ပါးဆုံး။
မဖတ်မဖြစ်ဝယ်သိမ်းရမယ့် အိတ်ဆောင်မဂ္ဂဇင်း
ထွက်ပြီ

YOUTH Computer Co., Ltd
11- A ပန်းဆိုးတန်း Office Tower ပန်းဆိုးတန်း(အလယ်) ၊ ဖုန်း-၂၅၄၈၉၃၊ ၀၉၅၀၀၃၅၉၆၊ ၀၉၅၀၆၁၂၄၄
ဆရာကိုဇော်လင်း (YOUTH) ကိုယ်တိုင်သင်ကြားသည်။
(၁) Network Engineering (Wireless Included) (July 24)
(၂) Computer Music Production (July 21)
(၃) DJ Wine's Remix Absolutely New Class (Aug)
Music တန်းများအတွက်သင်ထောက်ကူ (Mixer, 1010 Sound Card, Guitar, MAudio KB, DJ Mixer/Controller, AKG Mic, etc.,) ပစ္စည်းအသစ်များဖြင့်သာသင်ကြားသည်။

သင်သည် လူတိုင်းစိတ်ဓာတ်ကောင်းမွန်သည်ကို နှစ်ခြိုက်ပါသလား။ သို့ဖြစ်လျှင် မောင်မောင်အုန်း(လယ်ဝေး)၏ ပြောင်းလဲသွားတဲ့မျက်ရည်နှင့် စိတ်ဓာတ်ကောင်းမွန်ရေး ဝတ္ထုတိုများကို ဖတ်ကြည့်စေချင်ပါသည်။
ထွက်ပြီ-(တစ်အုပ်-၈၀၀ိ/မျှသာ)
မှာကြားရန်- အမှတ်-၁၀၂၆/၁၄ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ ရွှေပြည်သာမြို့နယ်
ဖုန်း-၀၁-၆၁၀၇၄၄

ခုနှစ်စင်ကြယ်စာပေ
စိတ်ဒုက္ခ
ဗီးနပ်(စ်) ပုလဲ
ဗီးနပ်(စ်) အချစ်နတ်သမီးကိုယ်တိုင်ပေးခဲ့သော ပုလဲသုံးလုံး၏ ထူးဆန်းအံ့ဖွယ်ဇာတ်လမ်း

မူးယစ်ဆန့်ကျင်အောင်ပွဲဆင်

KING STAR လျှပ်စစ်သင်တန်း
ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်ဝင်မည့်သူများအတွက်
▸ စက်ရုံ၊ အလုပ်ရုံ အဆောက်အအုံများလျှပ်စစ်သွယ်တန်းခြင်း။
▸ စက်ရုံ၊ အလုပ်ရုံ သုံးမော်တာထိန်းချုပ်မောင်းနှင်ခြင်း။
သင်တန်းကြေး - 22000 Ks
အမှတ်(၁၁၈)၊ ၃၈လမ်း(အောက်)၊ ရန်ကုန်၊ ☎ ၃၉၁၀၀၃

သာကေတမြို့နယ် ၁၀/တောင်(၁၃)ရပ်ကွက် ရန်ကုန်-သန်လျင်တံတား ဝန်ထမ်းလိုင်းမိသားစုများ စုပေါင်း၍ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက်က သာသနာ့မာမကဓမ္မာရုံ၌ ကျင်းပရာ ဓမ္မာရုံဥက္ကဋ္ဌ ဦးသောင်းတင်နှင့် အကျိုးတော်ဆောင်အဖွဲ့ဝင်များ ဆရာတော်ထံ သင်္ကန်းဆက်ကပ်စဉ်။ (၅၆၁)

သန်လျင် နတ်စင်တစ်ရာကျောင်းတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဒေဝဒဟာသဗ္ဗသိဒ္ဓိလောက နတ် ပရဟိတ နတ်စင်တစ်ရာကျောင်းတိုက်၌ ရန်ကုန်မြို့ အင်းလျားလမ်းရှိ ခိုင်ရွှေဝါကုမ္ပဏီလီမိတက်မှ နှစ်ဖက်သော မိဘများနှင့် ကျေးဇူးရှင် ဒေါ်သန်းနု (မန်နေဂျင်းဒါရိုက်တာ) အားရည်စူး၍ ဦးတင်ရွှေ-ဒေါ်မွေး၊ မန်နေဂျာ ဦးအေးနှင့် မိသားစုများ၊ အလှူရှင်များ စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကိုဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ဆရာတော် အမှူးပြုသော သံဃာတော်များအား အလှူရှင်မိသားစုများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

(က-ပ)

အဘိဓမ္မာခုနစ်ကျမ်း စာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ+သဘာဝ) စာတော်ပြန်ပွဲကြီးကို ဝါခေါင်လကွယ်နေ့မှ တော်သလင်းလဆန်း ၈ရက် (ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၇ ရက်)အထိ အဘိဓမ္မရတနာဃရ (အဘိဓမ္မာဓမ္မဗိမာန်တော်) ၌ ကျင်းပမည်ဖြစ်သည်။

စာပြန်ပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့သည် ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၀ရက် (ဇူလိုင် ၂၇ ရက်) တနင်္ဂနွေနေ့ ညနေ ၄ နာရီနောက်ဆုံးထားပြီး ဝင်ခွင့်ပုံစံများကို ဆူးလေစေတီတော်ရှိ အသင်းတိုက်သို့ ပေးပို့ကြရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိလိုပါက အသင်းတိုက် ဖုန်း-၃၇၈၄၅၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇူလိုင် ၂၀ ရက်က ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို တောင်ဥက္ကလာပ မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတည်ရှိရာ သီရိဇေယျာလမ်း၌ကျင်းပရာ ဦးမြင့်ဦးနှင့် အမှုဆောင်များ၊ အသင်းသူအသင်းသားများ မြင်သာ ဝိပဿနာကျောင်း ဆရာတော် ဦးဥဿဘမ္မထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၆၃)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၂၈) ဖြန့်ချီ

ရန်ကုန် ဇူလိုင် ၂၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၈)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ မိမိကိုယ်မိမိဝေဖန်ခြင်း(၄) ယုံကြည်သူလားအထင်ကြီးသူလား ဝေဝေဝါးဝါး အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ အသက် ၅၀ နှင့်အထက် ပြည်ပထွက်ခွာမည့်သူများကို အမြတ်ခွန်အတွက် ဘဏ်ငွေသွင်းရန် ကင်းလွတ်ပေး၊ အထည်ဆိုင်မှ အမျိုးသမီးကြီးတစ်ဦး အသတ်ခံရ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ချေးငွေများ မြန်မာနိုင်ငံသားများဘဏ်က တိုးမြှင့်ထုတ်ပေးမည်၊ မြန်မာတစ်နိုင်ငံလုံးရှိ လူမှုရေးလုပ်ငန်းများအတွက် ကျော်ဟိန်း၏ 'နိုဝင်ဘာ ၁၁' ဖြင့် မတည်မည်စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ အပွေးမြင် အပင်သိနိုင်သည့် လူကုန်ကူးမှုများ စသော မျက်မှောက်ရေးရာရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'အရှေ့ဆီကို ပြောင်းလဲသွားသော ကမ္ဘာကြီး၏ ဗဟိုဆွဲအား အရှေ့' စင်ကာပူနိုင်ငံ၏ ရှေ့ဆောင်လမ်းပြခဲ့သူ ဂုရုတစ်ပါးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူနှင့် လေလှိုင်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ချူကလီးယားစွမ်းအင် တစ်ကျော့ပြန်လာပြီလား၊ ငါးနှစ်သမီးမျက်မမြင်မလေးက ကမ္ဘာကျော်တေးသီချင်းများကို စန္ဒရားတီး၍ဖျော်ဖြေ၊ လူ့အရိုးပြာမှုနေ၍ စိန်များပြုလုပ်၊ အိမ်ဖော်မလေးတစ်ဦး အလုပ်စဆင်းသည့်နေ့၌ပင် မတော်မတရားပြုခံရစသည့် နိုင်ငံတကာ ရေးရာသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဟိုင်းကြီးကျွန်းဒေသရှိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၊ ဓာတ်ပေါင်းစုစေတီ၊ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီနှင့် အရံစေတီများ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပွဲ ပိုလ်ချုပ်ကိုကို တက်ရောက်တင်လှူပူဇော်

နေပြည်တော် ဇူလိုင် ၂၀

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းဒေသ သာရနတောင်ကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၊ ဓာတ်ပေါင်းစုစေတီ၊ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီနှင့် အရံစေတီ စုစုပေါင်း ၂၈ ဆူတို့အား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့) နံနက် ၇ နာရီ မိနစ် ၂၀ တွင် အဆိုပါ စေတီတော်မြတ်ကြီးရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပုသိမ်မြို့ ရတနာအုဋ္ဌ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒမာလာ၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုသိမ်မြို့ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသတို့ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဇနီး ဒေါ်ဝင်းဝင်းမော်၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့် ဇနီး၊ ပုသိမ်တပ်နယ်မှ ဗိုလ်မှူးချုပ် ဇင်ယော်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုသိမ်မြို့ ကုန်းသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်ဥပသကာများက ဆရာတော်၊ သံဃာတော်များထံ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို စေတီတော်မြတ်ကြီးအားရည်မှန်း၍ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် စိန်ဖူးတော်၊ငှက်မြတ်နားတော်တို့ကိုစေတီတော်မြတ်ကြီးအား **စာမျက်နှာ ၆ ကော်လံ ၁ သို့**✧

ပေကျင်းအိုလံပစ်

အားကစားရွာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ် ကျင်တောက်မြို့ရှိ အိုလံပစ်အားကစားရွာ ရင်ပြင်ကို ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။ (အောက်ပုံ)

(၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော်၏ ရွက်လှေပြိုင်ပွဲများကို ကျင်တောက်မြို့၌ ကျင်းပမည်ဖြစ်ရာ ကျင်တောက် အိုလံပစ် အားကစားရွာကို ဇူလိုင် ၂၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။) ***(ဓာတ်ပုံ-ဆင်ဟွာ)***